မန္တလေးနေ့စဉ်

The Mandalay Daily

ဘဏ္ဍာငွေနှစ် ဒိုဝင်ဘာလ ဥဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၂၇) ၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ ၃၁–၁၀–၂၀၂၆၊ စနေနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် အောက်တိုဘာ ၃၀


လေဖိအားနည်းရပ်ဝန်းအခြေအနေ

ယနေ့နံနက် ၁၀ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

နောက် ၉၆ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့်

စာမျက်နှာ ၃ သို့ ❍





ဒုတိယသမ္မတ ဦးညီစော ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)တွင် အမှာစကားပြောကြားစဉ်။

ဒုတိယသမ္မတ ဦးညီစော ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၃၀

ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညီစော တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ❖

ယနေ့ ဖတ်စရာအညွှန်း

နမ့်စန်မြို့နယ် ပေါ်ကျွဲကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

စာမျက်နှာ ၁၀

မန္တလေးတွင် ဆေးကုသမည့် နယ်ဝေးမှ သံယာတော်များနှင့် လူနာများ အာယုသုခကျောင်းဆောင်၌ အခမဲ့တည်းခိုနိုင်

စာမျက်နှာ ၁၃



ထန်တလန်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ယာယီနေရပ်စွန့်ခွာခဲ့ကြသော ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ရစဉ်။

ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ ထန်တလန်မြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေး

နေပြည်တော် အောက်တိုဘာ ၃၀

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ် နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter- Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက်တွင် CNF၊ CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဟားခါး- ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်း တစ်ခုလုံးကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာစွာ အားပေးထောက်ခံကြိုဆိုခဲ့ကြသည်။

စာမျက်နှာ ၃ သို့ ✪

စစ်ကိုင်းတိုင်းဒေသကြီး၌ ပေါ်ဆန်းစပါး ၃၄၇၂၂၆ ဧက စိုက်ပျိုးထား

ရန်ကုန် အောက်တိုဘာ ၂၉

၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် သတ်မှတ်ခြင်းခံထားရသည့် မြန်မာ့ပေါ်ဆန်းမွေးဆန်ကို မိုးစပါးအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး၌ ၃၄၇၂၂၆ ဧက စိုက်ပျိုးထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတွင် ရွှေဘိုပေါ်ဆန်း ၃၄၇၁၃၅၅ ဧကနှင့် ရေဆင်းပေါ်ဆန်း(၁) ၉၁ ဧက စုစုပေါင်း ၃၄၇၂၂၆ ဧက စိုက်ပျိုးထားပြီး မိုးစပါး ၁၇၂၉၁၄၆ ဧက စိုက်ပျိုးရန် လျာထား

စာမျက်နှာ ၃ သို့ ❐



၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်၊ စနေနေ့။

အမျိုးသားရေးစိတ်ဓာတ်နှင့် ယဉ်ကျေးမှုအမွေအနှစ်အပေါ် မြတ်နိုးတန်ပိုးထားမှုများ ပိုမိုရှင်သန်လာစေရန်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို မျိုးဆက်သစ်လူငယ်များ၏ အမျိုးသားရေးစိတ်ဓာတ်နှင့် ယဉ်ကျေးမှုအမွေအနှစ်အပေါ် မြတ်နိုးတန်ဖိုးထားမှုများ ပိုမိုရှင်သန်လာစေရန်ရည်ရွယ်ပြီး နိုင်ငံတော်အဆင့်အဖြစ် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုပါက (၂၇)ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ ယခင်နှစ် (၂၆)ကြိမ်မြောက် ပြိုင်ပွဲတွင် မန္တလေးလျော်ကြီးကြောင့် ပြိုင်ပွဲအမျိုးအစားအချို့ မကျင်းပနိုင်ခဲ့သော်လည်း အနုပညာရှင် ၁၇၃၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ် (၃၁၃)ဆု ချီးမြှင့်နိုင်ခဲ့သည်။ ယခုနှစ်တွင် ဝါသနာရှင်အဆင့် ပြိုင်ပွဲများ။ ဇာတ်တော်ကြီးနှင့် ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲများကို ပြန်လည်ထည့်သွင်းကျင်းပနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲဝင် အနုပညာရှင် ၂၃၄၆ ဦးအထိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းသည်မြန်မာ့ရိုးရာအနုပညာကို ချစ်မြတ်နိုးသည့်သူများ။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များကြားတွင် စိတ်ဝင်စားမှုနှင့် ပါဝင်မှုတိုးမြင့်လာသည်ကို ဖော်ပြနေခြင်းဖြစ်သည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ပြိုင်ပွဲဝင် အနုပညာရှင်အားလုံး၏ ကြိုးပမ်းအားထုတ်မှု၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၏ တာဝန်ကျေပွန်မှုနှင့် တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကို အသိအမှတ်ပြုကြောင်း၊ အနုပညာကိုချစ်မြတ်နိုးပြီး အားပေးကြသည့် ပရိသတ်အားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ ထို့အပြင် ယခုနှစ်တွင် မျိုးဆက်သစ်လူငယ်များ ဆုပိုမိုရရှိလာသည်ကို တွေ့ရသည့်အတွက်လည်း ဂျီးကျူးဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း။ မှာကြားလိုသည်မှာ ဆုရရှိခြင်းသည် မိမိတို့၏ကြိုးစားအားထုတ်မှုအတွက် ထိုက်တန်သည့်အသိအမှတ်ပြုမှုဖြစ်သကဲ့သို့ မိမိတို့တတ်မြောက်ထားသည့် အနုပညာ ပညာရပ်များကို ပိုမိုတိုးတက်အောင် ဆက်လက်လေ့လာလေ့ကျင့်ပြီး အနာဂတ်မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးနိုင်ရန်လည်း အရေးကြီးသည့် တာဝန်တစ်ရပ်ဖြစ်ကြောင်း။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်ဆိုပါက သဘာဝသယံဇာတ၊ ခေတ်မီနည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များလိုအပ်သကဲ့သို့ နိုင်ငံသားများ၏ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်များကို ရှင်သန်စေမည့် အမျိုးသားယဉ်ကျေးမှုအခြေခံများ နိုင်မာရန်လည်း လိုအပ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုဟူသည့်နေရာတွင် ဝတ်စားဆင်ယင်မှု၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် လူမှုကျင့်ဝတ်များသာမက မဟာဂီတ၊ ခေတ်ဟောင်းကာလပေါ်တေးသီချင်း၊ မြန်မာ့မှုဟန်အက၊ ရိုးရာတူရိယာ၊ ဇာတ်သဘင်နှင့် ရုပ်စုံသဘင်တို့အပါအဝင် ခေတ်အဆက်ဆက်လက်ဆင့်ကမ်းလာသည့် တန်ဖိုးရှိသော အနုပညာအမွေအနှစ်များကိုလည်းဆိုလိုကြောင်း။ အထူးသဖြင့် ဇာတ်တော်ကြီးနှင့် ရုပ်စုံသဘင်တို့မှတစ်ဆင့် အကျိုးအကြောင်း အဆိုးအကောင်းနှင့် မင်္ဂလာတရားများကို သင်ယူနိုင်ကြောင်း။ ယင်းပြိုင်ပွဲကြီးများသည် အနုပညာဆိုင်ရာပြိုင်ပွဲဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နမများ၏ ရင်နှီးချစ်ကြည်မှုကိုအခြေခံပြီး ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ထုတ်ထိန်းသိမ်းသည့်ပွဲ၊ မျိုးဆက်သစ်အနုပညာရှင် မောင်နမများ ပေါင်းကူးယှက်နွယ်သည့်ပွဲ၊ တစ်နည်းအားဖြင့် တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နမများ ယဉ်ကျေးမှုနှင့်ချစ်ကြည်ရင်နှီးမှုပေါင်းစည်းသည့်ပွဲဟုဆိုနိုင်ကြောင်း ပြောကြားခဲ့သည်။

တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို အပြန်အလှန်လေးစားပြီး ပြည်ထောင်စုစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာအောင်ဆောင်ရွက်ကြရန်၊ ခေတ်မီနည်းပညာများကို အကျိုးရှိရှိအသုံးချပြီး မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် ပိုင်းဝန်ကြီးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း စတုတ္ထအကြိမ် စာပေညီလာခံအတွေ့အကြုံများ ရှင်းလင်းပွဲကျင်းပ

ကျောက်ဆည် အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်းမှ မြန်မာနိုင်ငံစာရေးဆရာအသင်း စတုတ္ထအကြိမ် စာပေညီလာခံအတွေ့အကြုံများ ရှင်းလင်းပွဲကို ပမ်းဆောင်ရွက်သွားကြရန် အမှာစကားပြောကြားခဲ့ပြီး စာရေးဆရာဆည်ခရိုင် လူထုအခြေပြုဇာတ်ဌာနခွဲ ကျင်းပခဲ့သည်။

ဦးစွာ ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်း နာယက မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)က စာပေကဏ္ဍတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် အမှာစကားပြောကြားခဲ့ပြီး စာရေးဆရာအသင်းအခြေခြင်း တတိယအသင်းဥက္ကဋ္ဌ မောင်ခိုင်ကျော် (ကျောက်ဆည်)က မြန်မာနိုင်ငံစာရေးဆရာအသင်း စတုတ္ထအကြိမ် စာပေညီလာခံအတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့သည်။

ကျောက်ဆည်မြို့နယ်စာရေးဆရာအသင်းအခြေခြင်း တတိယအသင်းဝင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ ကျောက်ဆည်ခရိုင်အတွင်း ကျင်းပခဲ့သော စာပေဆွေးနွေးပွဲများ၊ ကျောက်ဆည်မဂ္ဂဇင်းကို လည်း ထပ်မံထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

တင်တင်ထွေး

မန္တလေးတိုင်းဒေသကြီးအတွင်း ရှေ့ပြေးဥပဒေရုံးများတိုးချဲ့ ပွင့်လှစ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ကြည့်ရှုစစ်ဆေး

မန္တလေး အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး အတွင်း ရှေ့ပြေးဥပဒေရုံး (Pilot Law Office)များ တိုးချဲ့ဖွင့်လှစ်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေရှိ ဥပဒေရုံးနေရာများ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီးဥပဒေချုပ် ဦးလှသိန်းနှင့်တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးလှသိန်းနှင့်အတူ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်မွန် လိုက်ပါခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာနက သတ်မှတ်ပေးထားသည့် ရုံးလေးရုံး အနက် ပျဉ်းမနားမြို့နယ်ဥပဒေရုံး၊ ပျဉ်းမနားမြို့နယ်ဥပဒေရုံးနှင့် တပ်ကုန်းမြို့နယ်ဥပဒေရုံးတို့၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရှေ့ပြေးဥပဒေရုံးများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရှိရန် မှာကြားကာ ရှေ့ပြေးဥပဒေရုံးများ၏ တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရှေ့ပြေးဥပဒေရုံး(Pilot Law Office)များ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အရေးကြီးသောပြစ်မှုများတွင် တရားခံအပေါ် ဥပဒေနှင့်အညီ ထိရောက်သောပြစ်ဒဏ် စီရင်နိုင်ရေးအတွက် အဓိကသက်သေ သို့မဟုတ် နှစ်နာသူများနှင့် သက်သေခံ အထောက်အထားများ တင်ပြမည့်သူများကို တရားရုံးရှေ့အမှုစစ်ဆေးရာတွင် ပကတိအခြေအနေအမှန်ကို ထွက်ဆို တင်ပြနိုင်ရေးအတွက် တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်း (Pre-Trial Interview, PTI) များ ဆောင်ရွက်ပြီး တရားစီရင်ရေးကို ထိရောက်သော အထောက်အကူဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု သိရသည်။



မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ ကြီးကြပ်မှုအောက်တွင် ခရိုင်နှင့်မြို့နယ် ဥပဒေရုံး စုစုပေါင်း ၅၀ ရုံး ရှိသည့်အနက် ရှေ့ပြေးဥပဒေရုံး အဖြစ် ယခင်က ၁၃ ရုံး ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ ယခုအခါ လေးရုံးထပ်မံတိုးချဲ့သွားရန်ရှိသဖြင့် ရှေ့ပြေးဥပဒေရုံး စုစုပေါင်း ၁၇ ရုံး အထိရှိလာမည်ဟု သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ လက်လီဈေးနှုန်းများထုတ်ပြန်

မန္တလေး အောက်တိုဘာ ၃၀

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသုံလှော်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်အောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ စားအုန်းဆီတစ်ပိဿာလျှင် ရန်ကုန်အထိုင်ဈေး ငွေကျပ် ၇၄၅၀ ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်လီ၊ လက်ကားရောင်းချမည့် ဈေးနှုန်းများအား ရန်ကုန်အထိုင် ဈေးအပေါ်မူတည်ပြီး ကော်မတီမှသတ်မှတ်သည့် ဒေသအလိုက် အရင်းဈေးအပေါ်အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ်နှစ်ရာခိုင်နှုန်းထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကားဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့၌ ငွေကျပ် ၈၇၈၀၊ မိတ္ထီလာမြို့၌ ငွေကျပ် ၈၆၀၀၊ ရမည်းသင်းမြို့၌ ငွေကျပ် ၈၅၇၀၊ ကျောက်ဆည်မြို့၌ ငွေကျပ် ၈၇၃၀၊ ပြင်ဦးလွင်မြို့၌ ငွေကျပ် ၈၈၃၀၊ မြင်းခြံမြို့၌ ငွေကျပ် ၈၈၅၅ နှင့် ညောင်ဦးမြို့၌ ငွေကျပ် ၈၇၆၅ ဖြစ်ကြောင်း သိရသည်။



(မန္တလေးနေ့စဉ်-၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေဖွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာခွင့်ရန် ဖုန်း-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့ လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဏာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မိဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

❖ ရှေ့ဖုံးမှ

အစည်းအဝေးတွင် ဒုတိယသမ္မတက ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ကဏ္ဍအလိုက်၊ အဝိုင်းလိုက်၊ အဆင့်လိုက် လမ်းပြမြေပုံများ ချမှတ်ပြီး မဟာဗျူဟာမြောက် ဆောင်ရွက်နေမှု၊ ခေတ်မီပြီး လုံခြုံစိတ်ချရသည့် ဒီဂျစ်တယ်အခြေခံအဆောက်အအုံများကို အခြေခံခိုင်မာအောင် တည်ဆောက်သွားရန်နှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုပေးသည့် ယန္တရားများတည်ဆောက်ပြီး အစိုးရ၏ e-Government စနစ်များကို အပြည့်အဝဒီဂျစ်တယ်အသွင်ပြောင်းလဲ ဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ နိုင်ငံတကာနှင့် အာဆီယံဒေသတွင်း နိုင်ငံများတွင် ဆိုက်ဘာလုံခြုံရေးနှင့်ပတ်သက်ပြီး အမျိုးသားဆိုက်ဘာလုံခြုံရေး ဥပဒေ၊ ဆိုက်ဘာမှုခင်း ဆိုင်ရာ တားဆီးနှိမ်နင်းရေးဥပဒေ၊ ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေနှင့် နယ်စပ်ဖြတ်ကျော် ဒီဂျစ်တယ်ဒေတာစီးဆင်းမှုလုံခြုံရေး မူဝါဒများ ကဲ့သို့သော ဥပဒေ၊ မူဘောင်များထုတ်ပြန်ချမှတ် ဆောင်ရွက်နေသည့်အခြေအနေများ၊ ဝန်ကြီးဌာန အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် ဒီဂျစ်တယ်စနစ်များကို အမျိုးသားဒေတာစင်တာစနစ်တစ်ခု ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ ဆိုက်ဘာတိုက်ခိုက်မှုများကို ဆိုက်ဘာလုံခြုံရေး စောင့်ကြည့်ကွပ်ကဲရေး ဗဟိုဌာနဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ဆိုက်ဘာဝန်းကျင်တစ်ခုကို အတူတကွတည်ဆောက်နိုင်ရန် လိုအပ်မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကော်မတီဝင်များအနေဖြင့် ပိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

အစည်းအဝေးသို့ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအောင်၊ ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်



ထန်တလန်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ယာယီနေရပ်စွန့်ခွာခဲ့ကြသော ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ရစဉ်။

✪ ယာယီနေရပ်စွန့်ခွာမှု

ထို့ပြင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် တပ်မတော်နှင့် ဌာနဆိုင်ရာအဖွဲ့များက ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများ ၎င်းတို့၏ နေရပ်များတွင် ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ဖြစ်သည့် ရုံး/ဌာနများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် လိုအပ်သည့် ကူညီထောက်ပံ့ရေး ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ အကြမ်းဖက် သောင်းကျန်းသူများ၏ အဖျက်အမှောင့် လုပ်ရပ်များကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များကိုလည်း ပြန်လည်ပြုပြင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာယီနေရပ်စွန့်ခွာသူများအား ၎င်းတို့၏ နေရပ်များသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ဌာနဆိုင်ရာအဖွဲ့များနှင့် နေရပ်ပြန် ဒေသခံပြည်သူများပါဝင်သည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသည် ဟားခါးမြို့မှ ထွက်ခွာလာပြီး မွန်းလွဲပိုင်းတွင် ထန်တလန်မြို့သို့ ရောက်ရှိကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး လိုအပ်သည်များကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် ဟားခါး - ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးနောက် အဆိုပါဒေသများအတွင်း တိုက်ပွဲများကြောင့် ခေတ္တရွှေ့ပြောင်းတိမ်းနေထိုင်ခဲ့ကြသည့် နေရပ်စွန့်ခွာ ဒေသခံပြည်သူများ မိမိတို့အရပ်ဒေသများသို့ ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခြင်း၊ မိုင်းအန္တရာယ် ကင်းရှင်းစေရေး အတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း။ အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့သည့် လူနေအိမ်များ၊ ဌာနဆိုင်ရာ ရုံး၊ အဆောက်အအုံများအား ပြန်လည်ပြုပြင်ပေးခြင်း အစရှိသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းကာ လိုအပ်သည်များကိုဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❍ လေဖိအားနည်းရပ်ဝန်းမှ

ယင်းနှင့်ဆက်စပ်လျက်ရှိသော နီကိုးဘားကျွန်းတို့တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်နှင့် နီကိုးဘားကျွန်းတို့တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ နိုဝင်ဘာ ၂ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ယနေ့ မွန်းလွဲပိုင်းမှ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံအပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုက်တရက်ရောက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကိုကြိုတင်သတိပြုနိုင်ပါရန်နှင့်ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သဘော်များအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဧလ

❐ စစ်ကိုင်းတိုင်းဒေသကြီးမှ

ဆောင်ရွက်ရာ၌ အောက်တိုဘာ ၁၅ ရက်အထိ ၁၇၄၃၃၇၅ ကေစိုက်ပျိုးထားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ငါးခရိုင်၌ ရွှေဘိုပေါ်ဆန်း ၃၃၆၀၉၂ ဧက နှင့် ရေဆင်းပေါ်ဆန်း(၁) ဧက ၅၀ စိုက်ပျိုးခဲ့ပြီး ရွှေဘိုပေါ်ဆန်း တစ်ဧကလျှင် ၈၁ ဒသမ ၅၈ တင်း၊ ရေဆင်းပေါ်ဆန်း (၁) တစ်ဧကလျှင် ၁၁၃ ဒသမ ၁၀ တင်း ထွက်ရှိခဲ့သည်။

ပြီးခဲ့သည့် နွေစပါးရာသီ၌ ရေဆင်းပေါ်ဆန်း(၁)ကို ခင်ဦးမြို့နယ်တွင် ၁၀ ဧက စိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် ၁၀၀ ဒသမ ၅၀ တင်း ထွက်ရှိခဲ့ပြီး လာမည့် နွေစပါးရာသီ၌ ၁၈၇၆၄၄ ဧက စိုက်ပျိုးရန် လျာထားပြီး ရေဆင်းပေါ်ဆန်း(၁) ၁၇၉၄ ဧက စိုက်ပျိုးရန် ဆောင်ရွက်ထားသည်။

"မြန်မာ့ပေါ်ဆန်း နိုင်ငံတကာမှာ အကောင်းဆုံးဆု ဆွတ်ခူးရရှိခဲ့တာဟာ နိုင်ငံခဲ့လူမျိုးအတွက် ဝမ်းမြောက်ဂုဏ်ယူစရာပါ။ အဲဒီအောင်မြင်မှုဟာ ကမ္ဘာ့အလယ်မှာ မြန်မာ့ဆန်စပါးအရည်အသွေးကိုပြသနိုင်ခဲ့တဲ့တောင်သူတွေရဲ့ ကြိုးပမ်းအားထုတ်မှု ရလဒ်တစ်ခုဖြစ်ပြီး လက်တွေ့စိုက်ပျိုးထုတ်လုပ်ခဲ့ကြတဲ့ တောင်သူဦးကြီးတွေရဲ့ အပင်ပန်းခံမှု၊ မျိုးဆက်အလိုက် လက်ဆင့်ကမ်းလာခဲ့တဲ့ စိုက်ပျိုးရေးအသိပညာနဲ့ ကျွမ်းကျင်မှုတို့ကြောင့် အနှံ့အရသာနဲ့ ပြည့်စုံတဲ့ ပေါ်ဆန်းမွေးဆန်ကို ကမ္ဘာ့နိုင်ငံတွေရဲ့ ထမင်းစားပွဲပေါ်ကို အရောက်ပို့ဆောင်ပေးနိုင်ခဲ့မှုအပေါ် လွှိက်လှိုက်လဲ့လဲ့ ဝမ်းမြောက်ဂုဏ်ယူပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမြင့်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုပေါ်ဆန်းနှင့် ရေဆင်းပေါ်ဆန်း(၁)ကို ကလေးခရိုင်၊ ရွှေဘိုခရိုင်၊ ရေဒီးခရိုင်၊ ကန့်ဘလူခရိုင်၊ မုံရွာခရိုင်၊ ကောလင်းခရိုင်နှင့် စစ်ကိုင်းခရိုင်တို့ရှိ ဖြို့နယ်ပေါင်း ၁၁ ခုတွင် စိုက်ပျိုးထားပြီး ရေဒီး၊ မိုးဦးပေါ်ဆန်းစပါးခင်းအချို့ စတင်ရိတ်သိမ်းနေကြောင်း သိရသည်။

သတင်း - ဥသာ၊ ဓာတ်ပုံ - ကိုကိုလွင်

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပု)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဝေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၅ ဦး တက်ရောက်သဖြင့် ၉၃ ဒသမ ၈၅ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဘယ်လာရစ်သမ္မတနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌ မစ္စစ် နာတလျာ ကိုချန်နီဗာ၏ ဖိတ်ကြားချက် အရ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက် အထိ မိမိဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ သွားရောက်ခဲ့သည့် တရားဝင်ခရီးစဉ်အတွင်း ဆောင်ရွက်မှုများနှင့် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် စာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းတို့ကို ပြည်ထောင်စု လွှတ်တော်သို့တင်ပြ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်၏ စက်မှုကဏ္ဍနှင့် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းတာဝန်များကို ပိုမိုတိကျစွာ ထင်ဟပ်ဖော်ပြနိုင်စေရန်၊ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့် ဝေါဟာရအသုံးအနှုန်းများအကြား ညီညွတ်မှုရှိစေရန်၊ မြန်မာစာ၊ သဒ္ဒါ နိုင်ငံတကာ အသုံးအနှုန်းတို့အရ အဓိပ္ပာယ်ရှင်းလင်းတိကျစေရန် နှင့် အစိုးရဌာနများ၊ ပြည်သူလူထု၊ ပုဂ္ဂလိက ကဏ္ဍနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ဆက်သွယ် ဆောင်ရွက်မှုများ ပိုမိုထိရောက်စေရန်အတွက် “စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန” အား “စက်မှုနှင့် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန”အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့ထားကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော် ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်(LNG) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖြစ်ပွားခဲ့သည့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် အခြားဒေသတွင်း နိုင်ငံများနည်းတူ နိုင်ငံတော်အစိုးရ အနေဖြင့် အခြေခံစားသောက်ကုန်နှင့် ကုန်စည် ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် ဓာတ်အားထုတ်လုပ်မှု စရိတ်လျော့ကျစေရေးနှင့် အများပြည်သူအတွက် ဓာတ်အားခမြင့်တက်မှုမရှိစေရေး ထိန်းညှိဆောင်ရွက်ပေးရန် လိုအပ်နေဆဲဖြစ်ပါကြောင်း။

ထို့ကြောင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအများဆုံး အသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm)အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍



လည်းကောင်း၊ သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ၂၀၂၆ ခုနှစ် မေ ၁ ရက်မှစတင်၍လည်းကောင်း၊ ကင်းလွတ်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခဲ့ပါကြောင်း။

ထိုကဲ့သို့ အခွန်ကင်းလွတ်ခွင့်ပြုခဲ့သည့်အတွက် လယ်ယာကဏ္ဍ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများအတွက် အဓိကသွင်းအားစုများ၏ ကုန်ကျစရိတ်ကို လျော့ချပေးနိုင်ခဲ့ပြီး အခြေခံစားသောက်ကုန်ဈေးနှုန်းနှင့် ကုန်စည်ဈေးနှုန်းများ ထိန်းညှိနိုင်ရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm)အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်အထိ (၁)လ ထပ်မံတိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စု လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **ပလက်ဝ-ဖိုရမ်ပုရ်(၂)လမ်းသွားလမ်း ဖောက်လုပ်ခြင်း၊ စီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ်(၅)စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စနှင့်** စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပလက်ဝ-ဖိုရမ်ပုရ်(၂) လမ်းသွားလမ်း ဖောက်လုပ်ခြင်း၊ စီမံကိန်းသည် ချင်းပြည်နယ် ပလက်ဝမြို့မှစတင်၍ မြန်မာ-အိန္ဒိယနယ်စပ် ဖိုရမ်ပုရ်အထိဖြစ်ပြီး စုစုပေါင်းလမ်းအရှည် ၁၀၉ ဒသမ ၂၀ ကီလိုမီတာ (၆၇ ဒသမ ၈၆ မိုင်)ဖြစ်ပါကြောင်း၊ စီမံကိန်းတစ်ခုလုံး ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးဖြစ်ပါကြောင်း။

အဆိုပါစီမံကိန်းအား ၂၀၁၇ ခုနှစ် မေ ၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ မြန်ဆန်ချောမွေ့စေရန်အတွက် ၂၀၁၈ ခုနှစ်တွင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သည့် ကန်ထရိုက်တာဖြစ်သော C & C Construction Co., Ltd. ကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန အမည်ဖြင့် စက်/ယာဉ်/ယန္တရားများအား ပြန်လျော့အကောက်ခွန်စနစ်(Drawback)ဖြင့် တင်သွင်းခဲ့ပါကြောင်း။

စီမံကိန်းအတွက် တင်သွင်းခဲ့သော စက်/ယာဉ်/ယန္တရားများအနက် မော်တော်ယာဉ်(၅)စီးသည် ပြည်တွင်းသုံးစွဲမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်ရာတွင် “၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)ပါ ဇယားအမှတ်စဉ်(၁၃)အရ” အထူးကုန်စည်ခွန် ၅ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပလက်ဝ-ဖိုရမ်ပုရ် (၂)လမ်းသွားလမ်းဖောက်လုပ်ခြင်း စီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ်(၅)စီးအား ပြည်တွင်းသုံးစွဲမှုစနစ်(Home Consumption)အဖြစ် ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ပေးဆောင်ရမည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် “၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇” ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ပလက်ဝ-ဖိုရမ်ပုရ်(၂)လမ်းသွားလမ်းဖောက်လုပ်ခြင်း စီမံကိန်းသည် အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ (Grant Aid) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းအတွက် Drawback စနစ်ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ်(၅)စီးကို လက်ရှိ အခြေအနေအရ ပြန်လည်တင်ပို့နိုင်ခြင်းမရှိသည့် အတွက် ပြည်တွင်းသုံးစွဲမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်မည်ဖြစ်သဖြင့် မူလတင်သွင်းစဉ်က မကျသင့်ခဲ့သည့် အထူးကုန်စည်ခွန်များကို ပြန်လည်ပေးဆောင်ရမည်ဖြစ်ပါကြောင်း။

သို့သော်လည်း အဆိုပါစီမံကိန်းသည် အိန္ဒိယနိုင်ငံက အထောက်အပံ့အဖြစ် ပေးအပ်သည့်စီမံကိန်းဖြစ်ခြင်း၊ မော်တော်ယာဉ်များကို ပြည်ပသို့ ပြန်လည် တင်ပို့ခြင်းမပြုတော့ဘဲ ပြည်တွင်းသုံးစနစ်သို့ ပြောင်းလဲအသုံးပြုမည်ဖြစ်ခြင်းတို့ကြောင့် ကျသင့်မည့် အထူးကုန်စည်ခွန်ကို ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မော်တော်ယာဉ်(၅)စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏အခွန် အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည် အစီရင်ခံစာအပေါ် ပြည်သူ့ဌေးရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁/၂၀၂၆) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ**နှင့်စပ်လျဉ်း၍ အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးမြင့်စန်း၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ MSME လုပ်ငန်းများ၏ ကုန်ကြမ်းလိုအပ်ချက်၊ ပြည်တွင်းကုန်ကြမ်းရရှိနိုင်မှုနှင့် ကုန်ကြမ်းဝယ်ယူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ကဏ္ဍအလိုက် စာရင်းကောက်ယူစစ်ဆေးပြီး ပြည်တွင်းကုန်ကြမ်းထုတ်လုပ်သူများ၊ ကုန်သည်များနှင့် ကုန်ထုတ်လုပ်ငန်းများအကြား ချိတ်ဆက်ပေးခြင်း၊ ကုန်ကြမ်းပေးသွင်းမှု ကွင်းဆက်ဖွံ့ဖြိုးလာစေရန်ပံ့ပိုးခြင်းနှင့် သက်ဆိုင်ရာဌာနများသို့ တင်ပြညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ငွေကြေးရရှိရေးနှင့်စပ်လျဉ်းပြီး လုပ်ငန်းလည်ပတ်ငွေ၊ စက်ပစ္စည်းဝယ်ယူငွေနှင့် ရင်းနှီးမြှုပ်နှံငွေ လိုအပ်ချက်များကို စိစစ်ပြီး ဘဏ်များနှင့် သက်ဆိုင်ရာငွေကြေးထောက်ပံ့ရေး အစီအစဉ်များကို လက်လှမ်းမီစေရန် လမ်းညွှန်ချိတ်ဆက်ပေးသွားမည် ဖြစ်ပါကြောင်း၊ သို့ရာတွင် ချေးငွေထုတ်ပေးခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းတို့မှာ သက်ဆိုင်ရာ ဘဏ်နှင့် ရန်ပုံငွေစည်းမျဉ်းများအပေါ်၌ မူတည်မည်ဖြစ်ပါကြောင်း။

ထို့ပြင် စက်မှုဇုန်နှင့် MSME လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားနှင့် စွမ်းအင်လိုအပ်ချက်များကို သက်ဆိုင်ရာ ဒေသအလိုက် စုစည်းတင်ပြပြီး လျှပ်စစ်ဓာတ်အားရရှိမှုတိုးတက်စေရေး၊ စွမ်းအင်သုံးစွဲမှု ထိရောက်စေရေးနှင့် လုပ်ငန်းလည်ပတ်မှု၊ ထိခိုက်မှု လျော့နည်းစေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ MSME လုပ်ငန်းရှင်များ၏ ကုန်အမှတ် တံဆိပ်၊ ထုတ်ကုန်ဒီဇိုင်းတီထွင်မှုနှင့် အခြားဥာဏ် ပစ္စည်း မူပိုင်ခွင့်များကို သက်ဆိုင်ရာ ဥပဒေများနှင့် အညီ ကာကွယ်နိုင်ရေးအတွက် မှတ်ပုံတင်လျှောက် ထားခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ လုပ်ထုံး လုပ်နည်းများကို ရှင်းလင်းလမ်းညွှန်ပေးခြင်းနှင့် သက်ဆိုင်ရာ မူပိုင်ခွင့်ဌာနများ၊ သက်ဆိုင်ရာဥပဒေ များနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသေးစား၊ အငယ်စား၊ အလတ်စား(MSME)စီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေထူထောင်ပြီး လုပ်ငန်း လည်ပတ်ရန် လိုအပ်ချက်များ၊ နည်းပညာဆိုင်ရာ ကိစ္စများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များတွင် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါ ကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ဦးကြည်လင်းထက်၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ နိုင်ငံ၏ စီးပွားရေးတွင် လယ်ယာကဏ္ဍသည် အခြေခံကဏ္ဍဖြစ်ပြီး လယ်ယာ ကဏ္ဍတွင် Primary Commodity ဟုခေါ်သည့် အခြေခံကုန်စည်များ ပါဝင်သည့်အတွက် လယ်ယာ အခြေခံစက်မှုလုပ်ငန်းများ တိုးတက်လာပါက လယ်ယာကဏ္ဍ တိုးတက်သကဲ့သို့ စက်မှုကဏ္ဍတွင် လည်း တိုးတက်လေ့ရှိပါကြောင်း၊ GDP တွင် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့ ၏ ပါဝင်မှုများ လျော့နည်းခြင်း၊ မြင့်တက်ခြင်းတွင် အဆိုပါကဏ္ဍများ၏ တိုးတက်မှုလျော့နည်းခြင်း မဟုတ်ဘဲ ကဏ္ဍ၏ ပါဝင်မှုပြောင်းလဲခြင်း။ တစ်နည်း အားဖြင့် စီးပွားရေးပုံသဏ္ဌာန် ပြောင်းလဲခြင်းသာ ဖြစ်ပါကြောင်း၊ အဆိုပါကဏ္ဍ ၃ ခုအနက် ကဏ္ဍ တစ်ခုခုမှ တိုးတက်မှုနှုန်း လျော့နည်းမှသာ အဆိုပါ ကဏ္ဍ၏ GDP လျော့နည်းမည်ဖြစ်ပါကြောင်း၊ ကဏ္ဍ ကြီးများ၏ ပါဝင်မှုလျော့နည်းခြင်းကြောင့် Aggregate Expenditure တွင် ဖော်ပြသကဲ့သို့ လယ်ယာကဏ္ဍ ၏ ထုတ်လုပ်မှုကျဆင်းခြင်းမဟုတ်ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦး၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ စီးပွားရေး ဆိုင်ရာများအပြင် လူမှုရေးဆိုင်ရာများ ထည့်သွင်း ဖော်ပြနိုင်ရေးနှင့်စပ်လျဉ်းပြီး ၂၀၂၅-၂၀၂၆ အမျိုးသား စီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာ စာမျက်နှာ (၁၇၊ ၁၈)တွင် လူမှုရေးဆိုင်ရာ အချက်အလက်များကို ထည့်သွင်းထားရှိပြီးဖြစ်ပါကြောင်း။ လူမှုရေးဆိုင်ရာ အချက်အလက်အများစုပါဝင်သည့် SDG Indicator Report ကို နှစ်စဉ် Update ပြုလုပ်ထားပြီး အဆိုပါ SDG အစီရင်ခံစာတွင် လူမှုရေးဆိုင်ရာ အချက် အလက်များပါရှိပြီး ဖြစ်သည့်အတွက် လူမှုရေးဆိုင်ရာ အချက်အလက်များကို အဆိုပါအစီရင်ခံစာတွင် ရှာရှိ နိုင်ပါကြောင်း။

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

ချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ပီကျိန်ဝိုက်မန်၏ အကြံပြုချက်နှင့် စပ်လျဉ်း၍ ချင်းပြည်နယ်အတွင်း ဒေသအလိုက် အားသာချက်နှင့် အလားအလာရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဖော်ထုတ်၍ ဦးစားပေး စီမံကိန်းများ ချမှတ်သင့်ကြောင်းနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရေးနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်အတွင်း မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိရစ္ဆာန်ကျန်းမာရေးကာကွယ်ဆေးဝှေ့ရောက်ပေးခြင်း၊ နည်းပညာပံ့ပိုးပေးခြင်း၊ အရင်းအနှီးပံ့ပိုးပေးခြင်း၊ မျိုးရင်းရေး စီမံဆောင်ရွက်ပေးခြင်း၊ သင်တန်းပေးခြင်း၊ ဒေသစားရေရိက္ခာဖူလုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပိုးချည်ကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် နိုင်ငံတော်မှ လိုအပ်ချက်များ ပံ့ပိုးပေးခြင်း၊ ဌာနပိုင် ပိုးစာဒြံများမှ တောင်သူများအား နည်းပညာပေးခြင်းနှင့် ပိုးထွက်ထုတ်ကုန်များ ဈေးကွက်ရောင်းချနိုင်သည်အထိ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးခင်လှိင်၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ လက်ရှိတွင် ဌာနဆိုင်ရာ အသီးသီး၌ ဌာနတွင်းစာရင်းစစ်အဖွဲ့ကို သီးခြားဖွဲ့စည်းပြီး လွတ်လပ်စွာဖွဲ့စည်းစစ်ဆေးခြင်း၊ ဝန်ကြီးဌာနအတွင်း ဦးစီးဌာနအချင်းချင်း အပြန်အလှန် စစ်ဆေးခြင်း၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနက မြေပြင်ကွင်းဆင်း စစ်ဆေးပြီး စီမံကိန်းများ အကောင်အထည်ဖော်မှုအခြေအနေကို (၃)လပတ်အလိုက် အချိန်နှင့်တစ်ပြေးညီ အစီရင်ခံခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှလည်း Real Time Audit စနစ်ဖြင့် စစ်ဆေးလျက်ရှိခြင်း စသည့် Check၊ Recheck၊ Counter Check ပုံစံဖြင့် ဆောင်ရွက်လျက်ရှိပါသဖြင့် လမ်းစဉ်ပါတီခေတ် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကဲ့သို့ သီးခြားအဖွဲ့ အစည်းတစ်ခုဖွဲ့စည်းရန် မလိုအပ်ပါကြောင်း၊ စာရင်းများစုစည်းရာ၌ အထက်အောက် ဘေးတိုက်စုစည်းမှုများဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် ဌာနများမှ ကောက်ခံထားသည့် စစ်တမ်း(Survey)များ၊ လေ့လာမှု(Case Study)များကို အခြေခံ၍ ကိန်းဂဏန်းစုစည်းမှုများ ရယူလျက်ရှိပါကြောင်း။

မလိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးစနစ်ဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်(Public Transportation)ကို နိုင်ငံတော်၏ လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ရသော ဌာနဖြစ်ပြီး နိုင်ငံတော်၏ ပို့ဆောင်ရေးကဏ္ဍကို အထောက်အကူပြုနိုင်စေရန် အခြားသော ပုဂ္ဂလိကရေယာဉ်များနှင့် ယှဉ်ပြိုင်ပြေးဆွဲခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကျိုးအမြတ်ရရှိမှုကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ပြည်သူများ၏ လမ်းပန်းဆက်သွယ်သွားလာမှု အဆင်ပြေချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေး၊ စရိတ်စက သက်သာစေရေးတို့အတွက် အဓိက ရည်ရွယ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဌာနအနေဖြင့် လျာထားဝင်ငွေပြည့်မီစေရေးအတွက် ဌာနပိုင် သဘောကျင်းများတွင် ပုဂ္ဂလိကရေယာဉ်များကို အသစ်တည်ဆောက်ပေးခြင်း၊ လွန်းတင်ပြင်ဆင်ပေးခြင်းဖြင့် ဝင်ငွေပိုမိုရရှိအောင် ဆောင်ရွက်ခြင်း၊ ဌာနပိုင်ဇက်ရေယာဉ်တစ်စင်းအား ၂၀၂၅ ခုနှစ် စက်တင်ဘာလမှစတင်ကာ Public Private Partnership – PPP ၏ နည်းလမ်းတစ်ခုဖြစ်သည့် Renovate Operate Transfer – ROT နည်းလမ်းဖြင့် အကျိုးတူပူးပေါင်း၍ ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်အဖြစ် အကြီးစားပြုပြင်ပြီး ဝင်ငွေရှာဖွေပေးနိုင်ခဲ့ခြင်းတို့ကြောင့် သတ်မှတ်ပေးထားသော ဝင်ငွေရှာဖွေရမည့် ပမာဏထက် ပြည့်မီကျော်လွန်အောင် ရှာဖွေပေးနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းသည် အများပြည်သူသယ်ယူပို့ဆောင် ရေးလုပ်ငန်း (Public Transportation) ဖြစ်သည့်အတွက် နိုင်ငံတကာတွင် အစိုးရမှ အရှုံးခံပြေးဆွဲပေးနေသော လုပ်ငန်းဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးသည် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ၇၀၀ ဒသမ ၂၅ ရာခိုင်နှုန်း ရှိရာမှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ၃၂၆ ဒသမ ၉၂ ရာခိုင်နှုန်းအထိ လျော့ချနိုင်ခဲ့ပါကြောင်း၊ လာမည့် ဘဏ္ဍာရေးနှစ်များတွင်လည်း ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးလျော့ချနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နည်းလမ်းရှာဖွေ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ အကြံပြုချက်နှင့်စပ်လျဉ်း၍ စီမံကိန်းများရေးဆွဲရာတွင် သက်ဆိုင်ရာဒေသရှိ ပြည်သူများ၏ လိုလားချက်၊ အမှန်တကယ်လိုအပ်ချက်နှင့် ရေရှည်လူမှုစီးပွားအကျိုးရရှိမှုတို့အပေါ် အခြေပြု၍ ဦးစားပေး အစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမှန်လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များကို ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ်၌ စီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ပါ၍ ပြည်သူ့ဝေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁/၂၀၂၆)ပါ အကြံပြုချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အလေးထားပြီး ပို့မိုပြည့်စုံကောင်းမွန်သည့် အစီရင်ခံစာဖြစ်လာစေရေးအတွက် အစဉ်ကြိုးပမ်းလျက်ရှိပါကြောင်း၊ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းနှစ်ပတ်လည် အစီရင်ခံစာကို မှတ်တမ်းတင်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့ဝေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၁/၂၀၂၆)ကို လွှတ်တော်က သဘောတူလက်ခံရန် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ဝေစာရင်းပူးပေါင်းကော်မတီ ဒုတိယဒုတ္တရ(၂) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်က အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် အတည်ပြုကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းနှင့် နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာအပေါ် ပြည်သူ့ဝေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၂/၂၀၂၆) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်** စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်သန်းသန်းလင်းက အစီရင်ခံစာ အပိုဒ် ၁၆(ဃ) နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဖွဲ့အစည်းများအနေဖြင့် အဆောက်အဦ၊ ဆိုင်ခန်း၊ မြေငှားရမ်းခနှုန်းထားများ ခေတ်နှင့်အညီဖြစ်စေရန် စာချုပ်စာတမ်းများအား ပြန်လည်သုံးသပ်ပြီး နှုန်းထားများ ကာလပေါက်ဈေးနှင့်အညီ တိုးမြှင့်လာပါက နိုင်ငံတော်၏ ဝင်ငွေတိုးမြှင့်လာနိုင်သည်သာမက ယင်းတန်ဖိုးများအပေါ်တွင် တံဆိပ်ခေါင်းခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များကို ဥပဒေနှင့်အညီ တိုးတက်ကောက်ခံရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အခွန်နှုန်းထားတိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေကျယ်ပြန့်၍ အခွန်အခများ တိုးတက်ရရှိလာနိုင်မည်ဖြစ်ပါသဖြင့် သုံးသပ်ချက်များအပေါ် ထောက်ခံပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၆(ဃ)နှင့် အပိုဒ် ၁၇ (ဌ) စပ်လျဉ်း၍ ပြည်ပနိုင်ငံများရှိ လုပ်ငန်းများမှ ကောက်ခံရရှိသည့် နိုင်ငံခြားငွေများဖြစ်သော လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဗီဇခရေ၌၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမှုမှရေ၌၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဝင်ငွေခွန်ရရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ နိုင်ငံကူးလက်မှတ်ခရေ၌တို့ကို ပြည်ပရှိသံရုံးများ၏ ယာယီငွေစာရင်းတွင် ထည့်သွင်းထားပါကြောင်း။ ယာယီငွေစာရင်းတွင် ထည့်သွင်းထားသည့် ငွေများအား ပြန်လည်လွှဲမပို့မီ ဌာန၊ အဖွဲ့အစည်းများ၏ နိုင်ငံခြားငွေဖြင့် ပေးချေရမည့် အချို့အသုံးစရိတ်များအား အဆိုပါယာယီငွေစာရင်းတွင် ထည့်သွင်းထားသည့်ငွေမှ ကျခံသုံးစွဲရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ ခွင့်ပြုမိန့်တောင်းခံလာပါက စီစစ်ပြီး ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ယာယီငွေစာရင်းမှ ကျခံသုံးစွဲမည့်အသုံးစရိတ်အား တစ်ဖက်အဖွဲ့အစည်းသို့ လွှဲပြောင်းပေးချေပြီးပါက ယင်း နိုင်ငံခြားငွေနှင့်ညီမျှသော မြန်မာကျပ်ငွေအား သက်ဆိုင်ရာ ဝင်ငွေရရှိသည့်ဌာန၏ ငွေစာရင်းသို့ ပေးသွင်းရပါကြောင်း၊ ဝင်ငွေရရှိသည့် ဌာနများအနေဖြင့် အဆိုပါပေးသွင်းလာသည့် ငွေများအား သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏ ရငွေစာရင်းတွင် ဖော်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇(က)နှင့်စပ်လျဉ်း၍ ရငွေ သုံးငွေများ စီစစ်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအား အရအသုံး ခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲနိုင်ရေးအတွက် ဘတ်ဂျက်အမှာစာနှင့် အရအသုံးခန့်မှန်းခြေ ငွေစာရင်းများရေးဆွဲရာတွင် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို နှစ်စဉ်ထုတ်ပြန်ပြီး အဆိုပါညွှန်ကြားချက်များနှင့်အညီ အရအသုံးခန့်မှန်း ခြေငွေစာရင်းများကို စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇(ခ)နှင့် အပိုဒ် ၁၇ (ဃ) တို့နှင့်စပ်လျဉ်း၍ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် (ယာယီအမှန်စာရင်း)တွင် ကုန်သွယ်မှုစာရင်းအရ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းပေါင်း(၃၀)ခု (မြန်မာနိုင်ငံတော်ဗဟို ဘဏ်အပါ) ရှိသည့်အနက် အမြတ်ပေါ်သည့် အဖွဲ့အစည်း(၂၃)ခု၊ အရှုံးပေါ်သည့်အဖွဲ့အစည်း(၇)ခု ရှိပါကြောင်း၊ မြန်မာ့မီးရထား၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် မြန်မာအမျိုးသားလေကြောင်းတို့သည် ဘဏ္ဍာရေးအခြေအနေအရ အရှုံးဖြစ်ပေါ်နေသော်လည်း ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများအတွက် မှီခိုအားထားရာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါသဖြင့် အရှုံးလျော့နည်း၍ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်မှုရှိလာစေရန် သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့သဲလုပ်ငန်းအနေဖြင့် အရှုံးဖြစ်ပေါ်ရခြင်းမှာ နိုင်ငံခြားသို့ သစ်အလုံးလိုက် တင်ပို့မှုမရှိခြင်း၊ သစ်ထုတ်လုပ်မှုများ ကျဆင်းခဲ့၍ ဝင်ငွေကျဆင်းခဲ့ခြင်း၊ သစ်ထုတ်လုပ်မှုစရိတ်များ တိုးမြင့်လာခြင်းနှင့် ၎င်း၏လုပ်ငန်းဆောင်ရွက်မှုရငွေသည် ဆောင်ရွက်မှုကုန်ကျစရိတ်ကိုပင် ကာမိနိုင်မှု မရှိခြင်းတို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနက အရှုံးလျော့နည်း၍ အမြတ်ပေါ်ပေါက်စေရန် မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် အရှုံးဖြစ်ပေါ်နေသည့် အဖွဲ့အစည်း(၃)ခု၏ နိုင်ငံပိုင်စက်ရုံအချို့ကို ပုဂ္ဂလိကသို့ ငှားရမ်းခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ အကျိုးတူဆောင်ရွက်နိုင် ဖိတ်ခေါ်ထားခြင်းများ ဆောင်ရွက်၍ အရှုံးဖြစ်ပေါ်နေမှုကို သက်သာစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇(ဂ)နှင့်စပ်လျဉ်း၍ ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတင်ပြချိန်တွင် ကြေးမြိနှင့် GDP အချိုးတွက်ချက်နိုင်ရန် ကြေးမြီလက်ကျန်အား ပြည့်ပြည့် စုံစုံရှင်းလင်းတင်ပြသွားမည် ဖြစ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇ (ဃ)နှင့် အပိုဒ် ၁၇ (c) တို့နှင့်စပ်လျဉ်း၍ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေများသည် BE ၏ ၁၀ ရာခိုင်နှုန်း အထက် တောင်းခံရခြင်းသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မန္တလေးငလျင်လှုပ်ခတ်မှုကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် စက်ရုံ၊ အလုပ်ရုံများ၊ လမ်း/တံတားနှင့်ကျောင်း၊ အဆောက်အဦများပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန် သုံးစွဲရခြင်းကြောင့် ဖြစ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇ (စ)နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုထားသော ရန်ပုံငွေဖြင့် မလုံလောက်ခြင်းကြောင့် ထပ်မံလိုအပ်သော အသုံးစရိတ်များကို မူလခွင့်ပြုငွေအတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် အထွေထွေပို့လျှရန်ပုံငွေ(GRF)မှ လွှဲပြောင်းသုံးစွဲခြင်းတို့ကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ပြီး မဖြစ်မနေ လိုအပ်မှသာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများသို့ နှစ်စဉ်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်သည့်အမှာစာတွင် တစ်ပါတည်း ထည့်သွင်းအကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် ဖြည့်စွက်ခွင့်ပြုငွေများကို စိစစ်ရာတွင်လည်း ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေများကို အဆိုပါညွှန်ကြားချက်နှင့်အညီ စိစစ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇(ဆ)နှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အခွန်ရရှေတွင် အများဆုံးပါဝင်လျက်ရှိသည့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ရငွေများ တိုးတက်ကောက်ခံရရှိရေးအတွက် အခွန်နှုန်းကို မတိုးမြှင့်ဘဲ အခွန်အခြေနှင့် အခွန်နယ်ပယ် (Tax Base)ကို ချဲ့ထွင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အခွန်ပေးဆောင်ထိုက်သော ဝင်ငွေရှိသည့်သူအားလုံးက မိမိတို့ကိုယ်တိုင်အခွန် တွက်ချက်ပေးဆောင်စေနိုင်သည့် (Self Assessment System–SAS) ကိုယ်တိုင်စည်းကြပ်သည့် အခွန်စနစ်ကို ကျင့်သုံးသည့်ရုံးများ တိုးချဲ့အသုံးပြုနိုင်ရေး ပြုပြင်ပြောင်းလဲမှုများကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစနစ်ကို မြို့နယ်ရုံးများအထိ ကျင့်သုံးနိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော အခွန်အသိပညာပေးခြင်းလုပ်ငန်း (Tax Awareness Campaign) များကို ရက်(၁၀၀) ကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်(၆)ခုတွင် တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ပြီး ပညာပေးလုပ်ငန်းများကို နှစ်အလိုက် အစီအစဉ်ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇ (ဇ)နှင့် အပိုဒ် ၁၇ (ဈ) တို့နှင့်စပ်လျဉ်း၍ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် လိုက်နာရမည့် ညွှန်ကြားချက်၌ နှစ်အတွင်း အမှန်တကယ်ဆောင်ရွက်ပြီးစီးနိုင်မည့် လုပ်ငန်းပမာဏကိုသာ လျာထားဆောင်ရွက်ရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းစဉ်များကို အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းတို့နှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇(ည)နှင့်စပ်လျဉ်း၍ "၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်း (Budgetary Assumption Rate)အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းဖြစ်သော အမေရိကန် တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့်သာ တွက်ချက်ခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းအလိုက် ရည်မှန်းချက်လုပ်ငန်းတာဝန်များ အချိန်မီပြီးစီးရန်နှင့် နိုင်ငံ့ဘဏ္ဍာငွေများ အလဟဿ ဆုံးရှုံးခြင်းမဖြစ်ပေါ်စေရန်အတွက် ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)ကို နိုင်ငံတော်၏မူဝါဒနှင့်အညီ နှစ်စဉ်ပြောင်းလဲပြင်ဆင်ရေးဆွဲလျက်ရှိပြီး ဦးစားပေးကဏ္ဍ၊ ဦးစားပေးအစီအစဉ်များပြောင်းလဲ၍ ရေးဆွဲလျက်ရှိပါကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့်လည်း ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း၊ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာသွားရန် လိုအပ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၁၇(ဋ)နှင့်စပ်လျဉ်း၍ ပြည်ပချေးငွေဖြင့် စီမံကိန်း/လုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံကိန်းအကောင်အထည်ဖော်မည့် ဌာန/အဖွဲ့အစည်းအနေဖြင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကာလအတွင်း၌ စာမျက်နှာ ၆ သို့ ☆

☆ စာမျက်နှာ ၅ မှ

သက်ဆိုင်ရာ မြို့ရွာ နိုင်ငံ/အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ ဆောင်ရွက်ပါကြောင်း၊ သက်ဆိုင်ရာချေးငွေထုတ်ယူသုံးစွဲသည့် ဌာန/အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းအလိုက် အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ် (Work Plan) အပေါ်မူတည်၍ ချေးငွေစာချုပ်ပါ ချေးငွေထုတ်ယူမည့် ကာလအတွင်း ချေးငွေထုတ်ယူ သုံးစွဲမည့်အစီအစဉ် (Disbursement Plan) ကို ရေးဆွဲပါကြောင်း၊ ချေးငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်းများ ကြီးကြပ်နိုင်ရန်အတွက် သက်ဆိုင်ရာ ချေးငွေသုံးစွဲသည့် ဌာန/အဖွဲ့အစည်းများက Project Management Unit (PMU) Project Implementation Unit(PIU) တို့ ဖွဲ့စည်းထားရှိ ဆောင်ရွက်ပါကြောင်း။

ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်း အလိုက် ရေးဆွဲသုံးသပ်ခြင်းဖြစ်ပြီး ကဏ္ဍအလိုက် ရေးဆွဲခြင်း မဟုတ်ပါကြောင်းနှင့် အမျိုးသားစီမံကိန်း ရေးဆွဲရာတွင် ကဏ္ဍအလိုက်ရေးဆွဲခြင်း ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာတွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းလျာထားမှုနှင့် အမှန်တကယ်သုံးစွဲမှုများကို သုံးသပ်ဖော်ပြခြင်းဖြစ်ပါကြောင်းနှင့် အဆိုပါအစီရင်ခံစာကို ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြခြင်း ဖြစ်ပါကြောင်း၊ ရန်ပုံငွေလွဲပြောင်းသုံးစွဲခြင်းတွင်လည်း မူလခန့်မှန်းခြေငွေစာရင်းပါ လျာထားငွေများအား ဈေးနှုန်းပြောင်းလဲခြင်း၊ နေရာဒေသအခြေအနေ အရ မဆောင်ရွက်နိုင်ခြင်းကြောင့် ပို့ငွေဖြစ်ပေါ်ခြင်းကိုသာ ရန်ပုံငွေလွဲပြောင်းသုံးစွဲခြင်းဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတွင် အရင်းပြန်ဆပ်ငွေကို ကြွေးမြီ အသုံးစရိတ်တွင်လည်းကောင်း အတိုးပေးငွေကို သာမန်အသုံးစရိတ်တွင်လည်းကောင်း သီးခြားထည့်သွင်းဖော်ပြထားပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာအမှတ်စဉ်(၂/၂၀၂၆) အပေါ် သဘောထားမှတ်ချက်များနှင့် ဆွေးနွေးချက်များအပေါ်မှတ်သားထားရှိ၍ ဆက်လက်သုံးသပ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုပါ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၂/၂၀၂၆) ကို လွှတ်တော်က သဘောတူလက်ခံရန် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဇရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေကအဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် အတည်ပြုကြောင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးအဋ္ဌမနေ့ကို နိုဝင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ် (၂၀)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာ သင်တန်းအမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါကောလိပ် စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အချိန်ထိ ဝိဇ္ဇာဘွဲ့ ၇၆၅ ဦး၊ သိပ္ပံဘွဲ့ ၁၃၂၉ ဦး၊ နည်းပညာ B.Tech ဘွဲ့ ၁၃၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၁၀၂၇ ဦး စုစုပေါင်း ၂၂၆၀ ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အားပေးထောက်ပံ့လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသား ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်လေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၁၀၇ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၂၄ ဦး၊ မဟာသုတေသနဘွဲ့ ၆၆ ဦး၊ Ph.D ဘွဲ့ ၃၅ ဦး၊ B.E ဘွဲ့ ၅၃၉ ဦး၊ M.E ဘွဲ့ ၄၈ ဦး၊ B.Tech ဘွဲ့ ၂၀၇ ဦး ရရှိကြောင်း သင်တန်းဆင်းပွဲမှ သိရသည်။



သင်တန်းဆင်းပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့တတ်မြောက်ထားရှိသည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူး၍ ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ကျရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မူလလုပ်ငန်းတာဝန်များအပြင် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ရိုးရာ၊ ဓလေ့ထုံးစံ အမွေအနှစ်များကို လေးစားလိုက်နာကာ ချစ်မြတ်နိုးစွာ ပိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ချီးမြှင့်ငွေများပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသားတစ်ဦးနှင့် သိပ္ပံဘာသာရပ်ထူးချွန်ဆုရရှိသူ ကျောင်းသားတစ်ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က A.G.T.I ဒီပလိုမာထူးချွန်ဆုရ ကျောင်းသူတစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ကြပြီး ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ကျောင်းသား ကျောင်းသူ ၂၄၆ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများအား ဂုဏ်ပြုအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒီဂရီကောလိပ်အစည်းအဝေးခန်းမ၌ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ဒီဂရီကောလိပ်အတွင်းရှိသက်သာချောင်ချိရေးအရောင်းဆိုင်၊ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် နှစ်ထပ်ကျောင်းသူအိပ်ဆောင် ဆောက်လုပ်နေမှု၊ မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် သင်တန်းဆင်းကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နည်းပညာတက္ကသိုလ်(ဘားအံ)၏ The Project Show and Competition 2026 ပြပွဲ၊ ဖြိုင်ပွဲကျင်းပ

ဘားအံ အောက်တိုဘာ ၃၀

(၇၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ၏ The Project Show and Competition 2026 ပြပွဲ၊ ဖြိုင်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ် (ဘားအံ)၌ ကျင်းပသည်။



လှည့်လည်ကြည့်ရှု

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး နှင့်တာဝန်ရှိသူများက ခင်းကျင်းပြသထားသော နည်းပညာတက္ကသိုလ်(ဘားအံ)၏ မြို့ပြအင်ဂျင်နီယာဌာန၊ အီလက်ထရောနစ် အင်ဂျင်နီယာဌာန၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာနနှင့် စက်မှုအင်ဂျင်နီယာဌာနတို့မှ အကောင်းဆုံး Project ၁၂ခု နှင့် ဒေသအကျိုးပြုအကောင်းဆုံး စာတမ်း ၁၄ စောင်တို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက Project တစ်ခုချင်းစီ၏ အားသာချက်၊ အားနည်းချက်များကို မေးမြန်းဆွေးနွေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ The Project Show and Competition 2026 ပြပွဲ၊ ဖြိုင်ပွဲ ဆုချီးမြှင့်ပွဲကို နည်းပညာ တက္ကသိုလ်(ဘားအံ) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကျောင်းသူလေးများက တန်းတူညီမျှဟု အဓိပ္ပာယ်ရသော ကရင်တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး Project Show အတွက် ငွေကျပ် သိန်း ၆၀ ကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နည်းပညာတက္ကသိုလ် (ဘားအံ)ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ဇော်လတ်က The Project Show and Competition 2026 ပြပွဲ၊ ဖြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဌာနအလိုက် အကောင်းဆုံး Project တစ်ခု၏၊ ဒေသအကျိုးပြုအကောင်းဆုံးစာတမ်း တစ်ခု၏၊ ဌာနလေးခုမှ အကောင်းဆုံး Project တစ်ဆု စုစုပေါင်းဆုကိုးဆုကို ချီးမြှင့်ပေးအပ်ခဲ့ပြီး Project Show ဖြစ်မြောက်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသည့် Precision Auto Engineering Company Limited က ဆုရ Project များအတွက် ငွေကျပ်သိန်း ၂၀ ကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက အမှာစကား ပြောကြားပြီး ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က လူငယ်ကဏ္ဍ (၁၆)ရပ်အလိုက် ဆပ်ကော်မတီများ၏ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ဆပ်ကော်မတီများက လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ထိုသို့ ဆွေးနွေးတင်ပြမှုများအပေါ် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ထပ်ဆင့်ဆွေးနွေးတင်ပြခဲ့ပြီး မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ(၂/၂၀၂၆)လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

မန္တလေး အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏(၂/၂၀၂၆)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တင်ပြလာသည့် အမှုတွဲများအား လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှ ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်နှင့်အညီ စိစစ်ဖြေရှင်းကာ အချိန်ကြန့်ကြာမှု မရှိစေဘဲ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ လိုက်နာကာ အာဂတိတရား ကင်းရှင်းစွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မတီ တွဲဖက်အတွင်းရေးမှူး၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးမှူးက တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများအပေါ် တင်ပြလာသည့် အမှုတွဲများ၏ အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ဆွေးနွေးတင်ပြပြီးနောက် ခရိုင်များမှ ခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ယခင်အစည်းအဝေးဆွေးနွေးချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍



ရှင်းလင်းတင်ပြအကြံပြုကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးတိုင်းဒေသကြီးအတွင်း စံနမူနာပြ အထူးဖွံ့ဖြိုးရေးဒေသများအဖြစ် ရွေးချယ်ထားသည့် ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်တို့တွင် ဘက်စုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဇုန်စီမံကိန်းဖြစ်နိုင်ခြေလေ့လာမှု တွေ့ရှိသုံးသပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေး



မန္တလေး အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအား မန္တလေးတိုင်းဒေသကြီးအတွင်း စံနမူနာပြအထူးဖွံ့ဖြိုးရေးဒေသများအဖြစ် ရွေးချယ်ထားသည့် ရမည်းသင်းခရိုင်နှင့် မိတ္ထီလာခရိုင်တို့တွင် ဘက်စုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဇုန်စီမံကိန်းဖြစ်နိုင်ခြေလေ့လာမှု တွေ့ရှိသုံးသပ်ချက်များနှင့်စပ်လျဉ်း၍ မင်းမဟာကုမ္ပဏီမှ တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် လာရောက်တွေ့ဆုံရှင်းလင်းတင်ပြခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် သက်ဆိုင်ရာဌာနများမှ တိုင်းဦးစီးမှူးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့အား အထူးဖွံ့ဖြိုးရေးဒေသများအဖြစ် ရည်မှန်းထားသည့်အတိုင်း ရေခဲမြေခဲနှင့်အခြေခံကောင်းများကို ကောင်းမွန်စွာအသုံးချ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်ငန်း MSME လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး၊ ဒေသများအလိုက် ဖွံ့ဖြိုးတိုးတက်မှု စဉ်ဆက်မပြတ် ပိုမိုအားကောင်းလာစေရေး စနစ်တကျစီမံဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဘတ်စကက်ဘောကွင်းနှင့် စားပွဲတင်တင်းနစ်ကွင်းတွင် စလိုက်မီးပစ္စည်းများ တပ်ဆင်လှူဒါန်းပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၃၀

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကောင်စစ်ဝန်ချုပ်ရုံးမှလှူဒါန်း၍ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်းမှကူညီဆောင်ရွက်သော မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)၊ တင်းနစ်ကွင်းရုံတွင် ကြမ်းခင်းဆေးအသစ် ပြန်လည်မွမ်းမံခြင်း၊ ဘတ်စကက်ဘောကွင်းနှင့် စားပွဲတင်တင်းနစ်ကွင်းတွင် စလိုက်မီးပစ္စည်းများ တပ်ဆင်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲခန့ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ မန္တလေးမြို့အခြေစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Ms. Gao Ping၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်းမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကောင်စစ်ဝန်ချုပ်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားကာ ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ကောင်စစ်ဝန်ချုပ်က ငွေကျပ်သိန်း ၇၆၈ တန်ဖိုးရှိ တင်းနစ်ကွင်းကြမ်းခင်းဆေးသုတ် ခြင်း၊ ဘတ်စကက်ဘောကွင်းနှင့်စားပွဲတင်တင်းနစ်ကွင်းတွင် စလိုက်မီးပစ္စည်းများ တပ်ဆင်လှူဒါန်းခြင်းနှင့်ပတ်သက်သော စာရွက်စာတမ်းများအား ကျောင်းအုပ်ကြီးထံ လွှဲပြောင်းပေးအပ်ပြီး



အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကာ လှူဒါန်းထားသော ပစ္စည်းများအား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(၀၉၃)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်မှုထမ်းတာဝန်ကျပွန်စွာ ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း ပုံစံ(၁၂)ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

မန္တလေး အောက်တိုဘာ ၃၀

စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း ပုံစံ(၁၂) ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင့်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းစစ်ဌာနချုပ်မှအရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များ၊ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းစစ်သည်များနှင့် ၄င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ယင်းနောက် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက အခမ်းအနားတက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ကျင်းပသောအခမ်းအနားတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၂)မှ (၇)ဦး၊ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၃)မှ (၅၆)ဦး၊ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၄)မှ (၄၆)ဦး၊ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၅)မှ (၁၄)ဦး၊ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၆)မှ (၁၇၆)ဦးအပြင် လျွောပေါ့ခွင့်ရရှိသူ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၁၁)မှ (၁)ဦး၊ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၁၂)မှ (၁)ဦး၊



ပေါင်း (၃၀၁)ဦး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၂)မှ (၆)ဦး၊ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၃)မှ (၁၃၅)ဦး၊ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၄)မှ (၂၂၀)ဦး၊ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၆)မှ (၂)ဦး ပေါင်း (၃၆၃)ဦး၊ စုစုပေါင်း(၆၆၄)ဦးတို့အား ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း ပုံစံ(၁၂)တို့အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၀၃၈)**

အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန(AHA Centre)က ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်



အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန(AHA Centre)သည် ကရင်ပြည်နယ်၊ လိုင်းဘွဲ့မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ဘားအံမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်တို့ရှိ အိမ်ထောင်စုများထံသို့ ၂၈-၁၀-၂၀၂၆ ရက်မှ ၁၀-၁၁-၂၀၂၆ ရက်အထိ လူသားချင်းစာနာမှုအကူအညီများဖြစ်သည့် ဆန်အိတ်များ၊ မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အကူအညီဖြင့် ဖြန့်ဝေလျက်ရှိသည်။ ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့တွင်လည်း ၁၆-၁၁-၂၀၂၆ ရက်မှ ၃၀-၁၁-၂၀၂၆ ရက်အထိ အကူအညီများ ဖြန့်ဝေသွားမည်ဖြစ်သည်။

အာဆီယံ၏ လူသားချင်းစာနာမှုအကူအညီများကို အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာနမှတစ်ဆင့် မြန်မာနိုင်ငံသို့ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှစ၍ ပထမအဆင့် (အသက်ကယ်ဆယ်ရေး)နှင့် ဒုတိယအဆင့်(ဘဝရှင်သန်တည်မြဲရေး)ဟူ၍ အဆင့် ၂ ဆင့်ဖြင့် ပေးအပ်လျက်ရှိသည်။

ပထမအဆင့်အကူအညီများအဖြစ် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတို့အတွက် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅.၆ သန်းကျော်တန်ဖိုးရှိ ပစ္စည်းများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံနှင့် ကျန်းမာရေးဌာနများသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အကူအညီဖြင့် ဖြန့်ဝေပေးအပ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် ဆိုင်ကလန်းမုန်တိုင်းရာဂီ (၂၀၂၄ ခုနှစ်)တို့အတွက် အမေရိကန်ဒေါ်လာ ၁.၆ သန်းကျော်နှင့် အမေရိကန်ဒေါ်လာ ၀.၇၃ သန်းကျော်တန်ဖိုးရှိ လူသားချင်းစာနာမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အကူအညီပစ္စည်းများနှင့် မန္တလေးငလျင် ကူညီကယ်ဆယ်ရေးအတွက် အမေရိကန်ဒေါ်လာ ၁.၄ သန်းကျော်တန်ဖိုးရှိ လူသားချင်းစာနာမှုအကူအညီများကို သဘာဝဘေးအန္တရာယ်ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် ပေးအပ်ခဲ့ပြီးဖြစ်သည်။

ဒုတိယအဆင့် အကူအညီပေးအပ်မှုကို ၂၀၂၃ ခုနှစ်၊ မေလမှစတင်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလအထိ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၈.၀၄ သန်းခန့်တန်ဖိုးရှိ အစားအစာ၊ အစားအစာမဟုတ်သည့်အကူအညီများ၊ မိသားစုသုံးပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဖြန့်ဝေပေးအပ်ခဲ့ပြီးဖြစ်သည်။

အာဆီယံက AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီ ပေးအပ်မှု တန်ဖိုးမှာ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလအထိ အမေရိကန်ဒေါ်လာ ၂၇.၄ သန်းခန့်ရှိပြီဖြစ်သည်။ မြန်မာအစိုးရအနေဖြင့် AHA Centre အမှုဆောင်ဒါရိုက်တာ ဦးဆောင်ပြီး ရန်ကုန်မြို့အခြေစိုက် အာဆီယံနိုင်ငံသံရုံးများမှ ကိုယ်စားလှယ်များပါဝင်သည့် အာဆီယံလေ့လာစောင့်ကြည့်ရေးအဖွဲ့ (ASEAN Monitoring Team-AMT) အား AHA Centre ၏ လူသားချင်းစာနာမှုအကူအညီဖြန့်ဝေပေးအပ်မှုများကို လက်တွေ့လေ့လာကြည့်ရှုနိုင်ရန်အတွက် ခွင့်ပြုပေးလျက်ရှိသည်။ အာဆီယံလေ့လာစောင့်ကြည့်ရေးအဖွဲ့အနေဖြင့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လအထိ လက်တွေ့လေ့လာကြည့်ရှုမှု (၁၇)ကြိမ်၊ အဝေးရောက်လေ့လာကြည့်ရှုမှု (၁)ကြိမ်၊ စုစုပေါင်း (၁၈)ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာန(AHA Centre)သည် အာဆီယံဒေသအတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုအတွက် အာဆီယံနိုင်ငံများအကြားနှင့် ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ တည်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်၏ အချက် (၄)ဖြစ်သည့် အာဆီယံက AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီ ပေးအပ်သည့် လုပ်ငန်းစဉ်များတွင် AHA Centre နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်

သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အသိပညာပေး

လယ်ဝေး အောက်တိုဘာ ၃၀

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စည်ပိုင်းကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာ၌ အယ်လ်နီညှိရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အသိပညာပေးခြင်းကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေ့ဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ နည်းပညာ ဒေါ်ခင်မာလွင်က အယ်လ်နီညှိ ရာသီဥတုကြောင့် မိုးရွာသွန်းမှုများ မူမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကိုလေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန်နှင့် အယ်လ်နီညှိအပူဒဏ်ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို အသိပညာပေး လက်နက်စောင်များ ဖြန့်ဝေခဲ့ပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက အယ်လ်နီညှိရာသီဥတုနှင့်ပတ်သက်သည့် သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်(ကျေးလက်)

––*–*–*–*–*

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆) ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျော့ပေါ့ခွင့်ရရှိကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်





နေပြည်တော် အောက်တိုဘာ ၃၀

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၆)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်း၍ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး တာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အလားတူ ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့် အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်လျက်ရှိသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျော့ပေါ့ပေးလျက်ရှိသည်။

ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၇)မှ အမှတ်စဉ်(၁၄)အထိ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ပုံစံ(၁၂) ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတ်မှတ် စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်း တာဝန်ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံ၍ နိုင်ငံ့သားကောင်း စစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်း ကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်း ကာလ လျော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းများ အနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ် အနှစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသူများအဖြစ် လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါ တာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင် ကမ္ဘည်းမော်ကွန်းထိုး မှတ်တမ်း ဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့ စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့် အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့် အချိန်တွင် အသက်ကို ပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အား အဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိသည်။

ပြည်သူ့ စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလ ပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့)အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီး သူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ ဆန္ဒရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်း အပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်း အဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့ အတွက် "စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင် ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် ပြည်ပ အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးလျက် ရှိရာ ပြည်သူ့စစ်မှုထမ်း အချို့ အနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာန များနှင့် လုပ်ငန်းခွင်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက် ရှိကြောင်း သိရှိရသည်။

ထို့ပြင်နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်း အချို့သည်လည်း နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို ဆက်လက်ထမ်းဆောင် လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက် တာဝန် ထမ်းဆောင်ကြသည်များ လည်းရှိကြကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံတာဝန်ကို သစ္စာရှိစွာ ထမ်းဆောင်ခဲ့ကြပြီး သတ်မှတ် တာဝန်ကာလ ပြည့်မြောက်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် မိမိတို့၏ အခန်းကဏ္ဍကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများ၏ ကြိုးပမ်းအားထုတ်မှု အနှစ်နာခံမှုနှင့် တာဝန်သိစိတ်တို့ကို လေးနက်စွာ အသိအမှတ်ပြု ဂုဏ်ပြုခြင်းပင်ဖြစ်ပြီး လက်ရှိ တာဝန် ထမ်းဆောင်လျက်ရှိကြသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်း တက်ရောက်လျက်ရှိကြသည့် လူငယ်လူရွယ်များသာမက နောင်လာမည့် မျိုးဆက်သစ် လူငယ်များအတွက်ပါ နိုင်ငံသား တစ်ဦး၏တာဝန်သိစိတ်၊စည်းကမ်း လိုက်နာမှုနှင့် မိမိထမ်းဆောင် ရမည့်တာဝန်အပေါ် အလေးထားမှု တို့ကို စံနမူနာကောင်းတစ်ခုသဖွယ် တည်ရှိနေမည်ဖြစ်သည်။

သတ်မှတ်ကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကို လည်း ယခုကဲ့သို့ကြား သိရသည်-

၁

ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံ့သားကောင်း တစ်ယောက် နိုင်ငံတော်က ချမှတ်ထားတဲ့ ဥပဒေကို လိုက်နာဆောင်ရွက်ပြီး တော့ ကျွန်တော် တာဝန်ထမ်း ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့် တာဝန်ထမ်းဆောင်ခဲ့တဲ့ကာလ နှစ်နှစ်တာ အတွင်းမှာ လည်း အဖွဲ့အစည်းနဲ့ပတ်သက်တဲ့



အတွေ့အကြုံတွေကတော့ အများကြီးရခဲ့ပါတယ်။ တာဝန်ထမ်း ဆောင်လာမယ့် ကျွန်တော်တို့ ညီတော်မောင် တွေကိုလည်း ကျွန်တော်တို့က လက်ကမ်းကြိုပါ တယ်ဗျ။ အဖွဲ့အစည်းရဲ့ စိတ်ဓာတ် ကိုလည်း သိရှိအောင်ပေါ့။ ဘာမှ လည်းခက်ခဲတဲ့အရာ တစ်ခု မဟုတ်ဘူး။ ကိုယ်ကဒီနိုင်ငံမှာ နေပြီးတော့ ဒီဥပဒေအတိုင်း လိုက်နာသွားရမှာ ဖြစ်တဲ့အတွက် အားလုံးကိုလာခဲ့ပါလို့ လက်ကမ်း ကြိုဆိုပါတယ်။



၂

ကျွန်တော် ဒီပြည်သူ့စစ်မှုထမ်း ကို ဝင်ရောက်ရတဲ့ ရည်ရွယ်ချက် ကတော့ နိုင်ငံ့ဒဏ်ကို လူမျိုးကို ကာကွယ်ဖို့အတွက်နဲ့ အမျိုးဘာသာ သာသနာကာကွယ်ချင်တဲ့အတွက် ဝင်ရောက်ခြင်း ဖြစ်ပါတယ်။ ကျွန်တော့် အတွေ့အကြုံကတော့ ရှေ့တန်း စခန်းကုန်းတွေမှာ တာဝန်ပေးတဲ့ အချိန်ဆို သူငယ်ချင်းတွေနဲ့ စည်းစည်း လုံးလုံး၊ စွန့်စွန့်စားစား အကုန်လုံး ဝိုင်းဝန်း တိုက်ခိုက်ကြပါတယ်။ ဒီဂုဏ်ပြု လက်မှတ်ရတာကို ကျွန်တော် အတိုင်းမသိဝမ်းသာ ပါတယ်။ ကျွန်တော်တို့ ဒီဆု လက်မှတ်ရဖို့ဆိုတာ ချွေးနဲ့ သွေးနဲ့ ရင်းပြီးမှ ရရှိခဲ့တာဖြစ်ပါတယ်။



၃

တာဝန်ကျတဲ့ တပ်မှာတော့ ကျွန်တော်တို့က သင်တန်းဆင်းပြီးတော့လေယာဉ်တွေအကြောင်းကို လေ့လာတယ်။ လေယာဉ်နဲ့ သက်ဆိုင်တဲ့ လုပ်ငန်းတွေကို လေ့လာတယ်ခင်ဗျ။ အတွေ့အကြုံကတော့ အပြင်လောကမှာ မမြင်ဖူးတဲ့ လေယာဉ်တွေ အကြောင်းကိုလေ့လာရတဲ့အတွေ့ အကြုံလေးတွေ ရှိပါတယ်။ အမှတ်တရကတော့ သူငယ်ချင်း တွေနဲ့အတူ စုပေါင်းပြီးတော့ အလုပ်လုပ်ရတဲ့အတွက်လည်း ဂုဏ်ယူပါတယ်။ နှစ်နှစ်တာကာလ တာဝန်ပြီးမြောက်လို့ ပေးအပ်တဲ့ ဂုဏ်ပြုလွှာအတွက်လည်း အများကြီး ကျေးဇူးတင်ပါတယ်။

သတင်းစဉ်

နမ့်စန်မြို့နယ် ပေါ်ကျဲကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော် အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကို သာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီး ကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက်ရှာဖွေဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါ မြို့နယ်အတွင်း စုံစမ်းရာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် နမ့်စန်မြို့နယ် ပေါ်ကျဲကျေးရွာ ၏ အနောက်မြောက်ဘက် မိတာ ၁၇၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရားမဝင် ထိုင်းနိုင်ငံသား အမျိုးသား ၁၂ ဦး နှင့် အမျိုးသမီး ၆ ဦး စုစုပေါင်း ၁၈ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အလျားပေ ၃၀၊ အနံ ၁၅ ပေ ယာယီလူနေတဲ့ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ ယာယီလူနေတဲ့နှစ်လုံး၊ အလျား ပေ ၂၀၊ အနံ ၁၅ ပေ ယာယီအလုပ်ရုံတဲ့ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၀ပေ ယာယီစားချက်ဆောင်တစ်လုံး၊ Star Link နှစ်လုံး၊ ALL In One Computer ခုနစ်လုံး၊ Color Printer တစ်လုံး၊ ဖုန်းမျိုးစုံ ၁၆ လုံး၊ CPU(မကောင်း) နှစ်လုံး၊ မီးစက်ကြီး နှစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံး ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ပေါ်ကျဲကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။







နမ့်စန်မြို့နယ် ပေါ်ကျဲကျေးရွာအနီး တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ထိုင်းနိုင်ငံသား အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ခြောက်ဦးတို့ကို ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

နမ့်စန်မြို့နယ် ပေါ်ကျဲကျေးရွာအနီး တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံများ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို မြဲမြံခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း ကာအပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၄၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၁၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက်အလေးထား ဆောင်ရွက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး

ကျောက်ဆည် အောက်တိုဘာ ၃၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဒွေလုံးဒွေရင်း) ရန်ပုံငွေကျပ် ၁၁၉ ဒသမ ၅၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်ဆည်-တံတားဦးလမ်းမှ ညောင်ရွှေ-ကြက်လွှာလမ်း(၀/၂)မိုင် ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအား ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးလှခိုင်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ပြီး အင်ဂျင်နီယာချုပ်(မြို့ပြ)က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ လမ်းပြီးစီးပါက ကျေးရွာ သုံးရွာ၊ အိမ်ခြေ ၃၈၆ အိမ်၊ လူဦးရေ ၁,၅၉၀ ဦး၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များစျေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး

မန္တလေး အောက်တိုဘာ ၃၀

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၌ ယနေ့ နံနက်ပိုင်းက မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက် အကွက်(၂၇၆) အိမ်ခြေ ၆၀ လုံး၊ အိမ်ထောင်စု ၆၆ စု၊ လူဦးရေ ၂၄၈ ဦးအား ဒုမီးသတ်ဦးစီးမှူး ဦးနေလင်းအောင် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် လေးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ပူးပေါင်း၍ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(၀၅၆)

အကြမ်းဖက် NUG လက်အောက်ရှိ ဟင်္သာတခရိုင်တပ်ရင်း(၃)မှ တပ်ရေးတာဝန်ခံ ဝင့်လွှာအောင်(ခ)စစ်ငြိမ်းမေ အား ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ရဟန်းသံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများ၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ဗျော်ပွဲရွှင်ပွဲများ ပြုလုပ်နေသည့်နေရာများတွင် မိုင်းထောင်ဖောက်ခဲ့ခြင်းများ၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင်အဆောက်အအုံများအား အကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။



ဖမ်းဆီးရမိ တရားခံ အကြမ်းဖက် PDF အဖွဲ့ဝင် ဝင့်လွှာအောင်(ခ)စစ်ငြိမ်းမေ (၃၃ နှစ်)။

ထိုသို့လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်းများကို နေ့/ညမပြတ် အရှိန်အဟုန်မြှင့်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်နှင့် အကြမ်းဖက် လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့တိုင်ကြားချက်အရ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ဟင်္သာတခရိုင် တပ်ရင်း(၃)အမည်ခံ အကြမ်းဖက် PDF အဖွဲ့မှ တပ်ရေးတာဝန်ခံအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဝင့်လွှာအောင်(ခ)စစ်ငြိမ်းမေအား လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အကြမ်းဖက်အဖွဲ့ဝင် ဝင့်လွှာအောင်(ခ) စစ်ငြိမ်းမေ၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ် မေလမှ ဇွန်လ အထိ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော KNU အဖွဲ့၏ တပ်မဟာ(၇)သို့ သွားရောက်၍ အကြမ်းဖက် စစ်သင်တန်းတက်ရောက်ခဲ့ပြီး တပ်မဟာ(၇)၊ ဟင်္သာတခရိုင် တပ်ရင်း(၁)၊ ဧရာဝတီရိုးမ စစ်ကြောင်းနှင့် ဟင်္သာတခရိုင် တပ်ရင်း(၃)တို့တွင် ရုံးတာဝန်ခံ၊ တပ်ရေး/တပ်ထောက်တာဝန်များ စသည့်အကြမ်းဖက်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဧပြီလိုလတွင် ရန်ကုန်မြို့သို့ ပြန်လာခဲ့ပြီး ရန်ကုန်မြို့၌ ဟင်္သာတခရိုင် တပ်ရင်း(၃)၏ အုပ်ချုပ်ထောက်ပံ့မှုလုပ်ငန်းများအား ဆက်လက်လုပ်ဆောင်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ အကြမ်းဖက်အဖွဲ့ဝင် ဝင့်လွှာအောင်(ခ) စစ်ငြိမ်းမေသည် ဟင်္သာတခရိုင် တပ်ရင်း(၃)တွင် တပ်ရေးတာဝန်ခံအဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ အင်အားစာရင်းများ ပြုစုခြင်း၊ အကြမ်းဖက်ထောက်ပံ့ငွေ အလွဲ/အပြောင်းများအား ဆောင်ရွက်ပေးခြင်း၊ နေ့စဉ်ပြန်တမ်းများပေးပို့ခြင်း၊ ထိခိုက်ကျဆုံး/ဒဏ်ရာရ စာရင်းများပေးပို့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ဟင်္သာတခရိုင်တပ်ရင်း(၃)၏ အကြမ်းဖက်ထောက်ပံ့ဝင်ငွေ/ထွက်ငွေ ကိစ္စရပ်များအား အွန်လိုင်း ငွေကြေးဝန်ဆောင်မှုစနစ်များအသုံးပြု၍ လွှဲပြောင်း/လက်ခံခြင်း ပြုလုပ်ခဲ့ကြောင်း၊ ၎င်းထံသို့ အကြမ်းဖက် MOD မှ သုံးလလျှင် တစ်ကြိမ် ပေးပို့သည့် လစာများနှင့် အကြမ်းဖက်အားပေးထောက်ခံသူများက ပေးပို့သည့်ငွေများအား အကြမ်းဖက် PDF အဖွဲ့ဝင် ဟင်္သာတခရိုင် တပ်ရင်း(၃)မှ တပ်ရင်းမှူးအဆင့်ရှိ ရဲကျော်သူ(ခ) ရဲခေါင်၏အစီအစဉ်ဖြင့် ပြန်လည် လွှဲပြောင်းပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံ အကြမ်းဖက် အဖွဲ့ဝင် ဝင့်လွှာအောင် (ခ) စစ်ငြိမ်းမေအား အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု လုပ်ဆောင်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ၏ ပုန်းခိုရာနေရာများ၊ လူပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

အကြမ်းဖက် NUG အဖွဲ့အတွက် Nway Oo Hti Website မှတစ်ဆင့် တရားမဝင် ထီရောင်းချသူကိုယ်စားလှယ်များအား ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၃၀

အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေရန်နှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်၍ သွေးထိုးလှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများအား အစဉ်တစိုက်ပြုလုပ်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့ပြုလုပ်ခဲ့မှုများအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်အဖွဲ့များအား ထောက်ခံမှုနှင့်အားပေးကူညီထောက်ပံ့မှုများ ပြုလုပ်နေသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများကိုလည်း ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

အကြမ်းဖက် NUG အဖွဲ့အနေဖြင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်နှင့် ၎င်းတို့အဖွဲ့ ရေရှည်ရပ်တည်နိုင်ရန်အတွက် ၂၀၂၁ ခုနှစ် ဩဂုတ်လခန့်မှစတင်၍ Nway Oo Hti Website အား အသုံးပြုကာ တရားမဝင်ထီရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းမှ ရရှိငွေများအား အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေသည့် ၎င်းတို့၏လက်ဝေခံအဖွဲ့များထံသို့ ထောက်ပံ့လျက်ရှိကြောင်း၊ အကြမ်းဖက် NUG အဖွဲ့သည် နွေဦးထီရောင်းချနိုင်ရန်အတွက် ၎င်းတို့ကို ထောက်ခံအားပေးသူများအား ကိုယ်စားလှယ်အဖြစ်ထား၍၍ တရားမဝင် နွေဦးထီအား ရောင်းချလျက်ရှိကြောင်း အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏လုပ်ရပ်များကို မလိုလားသော အေးချမ်းစွာနေထိုင်လိုသည့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ သိရှိရသည်။

အဆိုပါတရားမဝင် နွေဦးထီရောင်းချသူ ကိုယ်စားလှယ်များအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ တရားမဝင်နွေဦးထီရောင်းချသူကိုယ်စားလှယ်များဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ နန္ဒာလှိုင်နှင့် ဇရာဝတီတိုင်းဒေသကြီး ဓနဖြူမြို့နေ ဆုမြတ်ဝေ (ခ) လေးပေါင်တို့ နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရရှိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ နန္ဒာလှိုင်သည် PRF ၏ အကြမ်းဖက်ထောက်ပံ့အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလခန့်မှစ၍ နွေဦးထီရောင်းချသူကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ နွေဦးထီပေါက်သူများအား တရားမဝင် SDB ဘဏ်အကောင့်အသုံးပြု၍ ငွေးမှတစ်ဆင့် ပြန်လည်လွှဲပေးရသူဖြစ်ကြောင်း၊ ဖမ်းဆီးရမိတရားခံ ဆုမြတ်ဝေ(ခ)လေးပေါင်သည် PRF ၏ အကြမ်းဖက်ထောက်ပံ့အဖွဲ့ဝင် တစ်ဦးဖြစ်ပြီး ၂၀၂၅ ခုနှစ် ဇွန်လမှစ၍ တရားမဝင် နွေဦးထီရောင်းချသူ



ဖမ်းဆီးရမိ တရားခံ တရားမဝင် နွေဦးထီရောင်းချသူ ကိုယ်စားလှယ် နန္ဒာလှိုင် (၄၈ နှစ်)။



ဖမ်းဆီးရမိ တရားခံ တရားမဝင် နွေဦးထီရောင်းချသူ ကိုယ်စားလှယ် ဆုမြတ်ဝေ(ခ) လေးပေါင် (၃၉ နှစ်)။

ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၎င်းကိုယ်တိုင် တရားမဝင်နွေဦးထီများအား လစဉ်ဝယ်ယူခဲ့ကြောင်းနှင့် ထိရောင်းချရသည့်ငွေများအား အကြမ်းဖက်အဖွဲ့များထံသို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိ တရားခံ နှစ်ဦးသည် PRF ၏ အကြမ်းဖက်ထောက်ပို့အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခြင်း။ အကြမ်းဖက်ထောက်ပို့ငွေများအား ငွေပေး/ငွေယူပြုလုပ်၍ လွှဲပြောင်းပေးခြင်း။ တရားမဝင်နွေဦးထီလုပ်ငန်းတွင် ထိရောင်းချသူကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက် NUG အဖွဲ့၏ တရားမဝင်နွေဦးထီရောင်းချသူကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သူများ၊ ဝယ်ယူအားပေးသူများနှင့် ပါဝင်ပတ်သက်သူများကို ဆက်လက် ဖော်ထုတ်ဖမ်းဆီးသွားမည်ဖြစ်ပါသည်။

CRPH၊ NUG အပါအဝင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် အကြမ်းဖက်သမားများအား ထောက်ခံမှု၊ အားပေးကူညီမှုနှင့် ငွေကြေးထောက်ပံ့မှုများ မပြုလုပ်ခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်နှင့်အညီ မိဘပြည်သူများအနေဖြင့် အကြမ်းဖက်အားပေးထောက်ခံမှုပြုလုပ်နေသူများ၏ သတင်းကို သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့တိုင်ကြားနိုင်ပြီး သတင်းပေးပို့လာသူများကိုလည်း ထိုက်တန်စွာ ဆုကြေးများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မင်းဘူး အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့တွင် ဌာနပေါင်းစုံ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို မင်းဘူးမြို့၊ အမှတ်(၁)ရပ်ကွက် ဦးသြဘာသလမ်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအနီးတွင် ယမန်နေ့ နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်၏ ဦးဆောင်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စိမ်းစို/သစ်တော ဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပါဝင်ပြီး အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များသိမ်းဆည်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်ကြကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

(၅၀၄)

အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၄)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

လားရှိး အောက်တိုဘာ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိးမြို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူး ဖလား အခြေခံပညာကျောင်းပေါင်းစုအသက်(၁၄)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက်မှစတင်၍ ယုံဟော်ဘောလုံးကွင်း၌ ကျင်းပလျက်ရှိသည်။

အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၂၆ -၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ ကျောင်းနေပျော်ပြီး စာတော်စေရေး၊ ကျန်းမာကြံ့ခိုင်စေရေး၊ မျိုးဆက်သစ် နိုင်ငံ့လက်ရွေးစင် ဘောလုံးသမားများ ပေါ်ထွန်းလာစေရေးနှင့် အချင်းချင်း စည်းလုံးညီညွတ်မှုရှိစေရေးအတွက် ရည်ရွယ်၍ အသက်အလိုက် ဘောလုံးပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။

အဆိုပါ မြို့နယ်ပညာရေးမှူး ဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၄)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၂၈ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

လူမော်(ပြန်)/ဆက်

၀-၀-၀-၀-၀

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပြင်သစ်လိုဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉) အနိုင်၊ အရှုံး NGB

လီဟာဟ	၁ - ၅	ဝီအက်စ်ကို
နိမ်	၅ - ၂	ရင်းနက်စ်

တိုင်းဒေသကြီးနှင့်ပြည်နယ် ဝုဏ္ဏူးပြိုင်ပွဲ လူရွေးချယ်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၃၀

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ဝုဏ္ဏူးပြိုင်ပွဲ လူရွေးချယ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ ဝုဏ္ဏူးပြိုင်ပွဲ၊ လူရွေးချယ်ပွဲကို အောက်တိုဘာ ၂၉ ရက်မှ စတင်ကျင်းပခဲ့ရာ အသက် ၁၂ နှစ်အောက်၊ အသက် ၁၆ နှစ်အောက်နှင့် အသက် ၁၆ နှစ် အထက်ဟူ၍ သုံးမျိုးခွဲခြားထားပြီး A အဆင့် အခြေခံတန်း၊ B အဆင့်ဒုတိယတန်းနှင့် C အဆင့် နိုင်ငံတကာပြိုင်ပွဲဝင် အမြင့်တန်း ဟူ၍ A, B, C အဆင့် များသတ်မှတ်ကာ ယှဉ်ပြိုင်ရွေးချယ်ခြင်းဖြစ်ကြောင်း မန္တလေးတိုင်း ဝုဏ္ဏူးနည်းပြချုပ် ဦးကျော်အေးက ပြောသည်။

"ဒီနေ့အခမ်းအနားက ပြည်နယ်နဲ့တိုင်း ပြိုင်ပွဲလူရွေးချယ်ပွဲပါ၊ မျိုးဆက်သစ်ကလေးတွေကို အဓိကထားပြီးတော့ မွေးထုတ်တဲ့ပွဲဖြစ်ပါတယ်။ မျိုးဆက်သစ်အားကစားသမားတွေ၊ ရွှမ်ပုန်းသီးအားကစားသမားတွေ ပေါ်ထွက်ရေးအတွက် ရည်ရွယ်ပြီး လုပ်တာပါ။ အသက် ငါးနှစ်ကနေ ၁၆ နှစ် အတွင်း ကစားလို့ရပါတယ်။ အသက်ငယ်ငယ်ကတည်းက မကစားရင် ဝုဏ္ဏူးတို့၊ ကျွမ်းဘားတို့က ပျော့ပျောင်းမှု၊ ကြံ့ခိုင်မှု မရှိတော့ဘူး။ နောက်ထပ် အသက် ၁၆ နှစ်ဆိုရင် နိုင်ငံတကာပြိုင်ပွဲကို ပြိုင်နိုင်တဲ့ကလေးတွေအထိ ရောက်ရှိသွားပါတယ်၊ ဒီအားကစားက ကြံ့ခိုင်မှု၊ ပျော့ပျောင်းမှု၊ နည်းစနစ်၊ လျင်မြန်ဖျတ်လတ်မှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု ရှိပါတယ်၊ ကျွန်တော်တို့ ဒီအချက် ငါးချက်ကို ဦးတည်ထားပါတယ်၊ အားကစားပြုလုပ်တဲ့ အတွက် မည်သည့်အားကစား မဆို နံပါတ်တစ်ကတော့ ကာယဖွံ့ဖြိုးလာပါတယ်၊ ဒုတိယက ကာယဖွံ့ဖြိုးတဲ့အတွက် ဉာဏ်ရည်ကလိုက်လာရင် မိမိကိုယ်ကို ယုံကြည်မှုရရှိပါတယ်၊ ကိုယ့်ကိုယ် ကိုယ်ယုံကြည်မှုရှိရင် မြန်ဆန်ပြီး မှန်ကန်တဲ့ ဆုံးဖြတ်ချက် ရရှိဖို့ လိုပါတယ်၊ နောက်ဆုံးအဆင့်ကတော့ အရာရာကို ကျော်ဖြတ်ရဲတဲ့ သတ္တိရရှိမှာ ဖြစ်ပါတယ်၊ ကလေးတွေရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်း ပျိုးထောင်ချင်တာက ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ဝုဏ္ဏူးနည်းပြချုပ် ဦးကျော်အေးက ပြောသည်။

ယခုကျင်းပသည့် လူရွေးချယ်ပွဲတွင် ဆုရရှိသည့်အားကစားသမားများကို ရွှေအဆင့် ပထမ၊ ငွေအဆင့် ဒုတိယနှင့် ကြေးအဆင့် တတိယ စသည်ဖြင့် ဆုအသီးသီး ချီးမြှင့်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများကို မလေးရှားနိုင်ငံတွင် ကျင်းပမည့် ဆီဂိမ်းပြိုင်ပွဲနှင့် နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာနိုင်ငံ ဝုဏ္ဏူးအဖွဲ့ချုပ်နှင့် မန္တလေးမြို့တို့တွင် စခန်းသွင်း လေ့ကျင့်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(မန္တလေးနေ့စဉ်-၅)





မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

မန္တလေး အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၃၀)

ချမ်းအေးသာစံမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းပြန်လည်ရောက်ရှိလာသူအား ဂုဏ်ပြုကြိုဆို

မန္တလေး အောက်တိုဘာ ၃၀

ပြည်သူ့စစ်မှုထမ်းအပတ်စဉ်(၆)တွင် ကျေပွန်စွာတာဝန်ထမ်းဆောင်ခဲ့ပြီး ပြန်လည်ရောက်ရှိသူအား ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်ရုံး၌ ယနေ့မွန်းတည့် ၁၂ နာရီက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းအပတ်စဉ်(၆)တွင် ကျေပွန်စွာတာဝန်ထမ်းဆောင်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် ဦးမင်းမင်းကျော်အား ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဆန်းမောင်၊ ပြည်ကြီးပျော်ဘွယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ ရာအိမ်မှူးများနှင့် ရပ်ကွက်နေပြည်သူများက အောင်သပြေပန်းများ၊ အမှတ်တရလက်ဆောင်များဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ချမ်းမြေ့မောင်(ပြန်/ဆက်)



ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

အမရပူရ အောက်တိုဘာ ၃၀

မန္တလေး၊ အမရပူရမြို့နယ်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ လူမှုစီးပွားရေးပိုမိုအဆင့်ပြေစေရန်အတွက် ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်းရရှိပုံငွေဖြင့် ဆောင်ရွက်သည့် တမုတ်ဆိုး-ကန်ရိုး-ရေဘုတ်-မုံတောလမ်းကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ယမန်နေ့ နံနက်ပိုင်းက ကျေးလက်လမ်းဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာချုပ် (မြို့ပြ)ဦးလှခိုင်က ကွင်းဆင်းစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး အင်ဂျင်နီယာချုပ် (မြို့ပြ)က ကတ္တရာလမ်းဆောင်ရွက်ပြီးဖြစ်သဖြင့် ကျန်ရှိနေသော လမ်းပခုံးဖို့ခြင်းကို အမြန်ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါ တမုတ်ဆိုး-ကန်ရိုး-ရေဘုတ်-မုံတောလမ်းသည် အရှည်ပေ ၀/၅ မိုင်၊ အကျယ်ပေ ၁၂ပေ ကတ္တရာလမ်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အမရပူရမြို့နယ် ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး လုပ်ငန်းပြီးစီးပါက ကျေးရွာ ခြောက်ရွာ၊ အိမ်ခြေ ၁၅၅၁၊ လူဦးရေ ၇၇၇၅ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လူနေမှုဘဝပိုမိုအဆင့်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

(အောက်ဝဲပုံ)လဲ့လဲ့ခိုင်(အမရပူရ)



သားဖွားသင်တန်းကျောင်း(မန္တလေး)၌ လူငယ်များ ဘက်စုံပို့ပြုတိုးတက်စေရေး လူငယ်စကားဝိုင်း ကျင်းပ

မန္တလေး အောက်တိုဘာ ၃၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သားဖွားသင်တန်းကျောင်း(မန္တလေး)တို့ ပူးပေါင်း ကျင်းပသော လူငယ်စကားဝိုင်းကို အဆိုပါ ကျောင်းရှိ ခန်းမဆောင်၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။


ရှေ့ဦးစွာ သားဖွားသင်တန်းကျောင်း(မန္တလေး) ကျောင်းအုပ်ကြီး ဒေါ်ခင်ချိမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းစတင်ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိမှ ဦးဆောင်ပြီး သားဖွားသင်တန်းကျောင်း(မန္တလေး)မှ ဒုတိယနှစ်သင်တန်းသူ မသန္တာအောင်က "လူငယ်နှင့် အားလပ်ချိန်အသုံးချမှု"၊ ဒုတိယနှစ်သင်တန်းသူ မထက်အင်ကြင်းခိုင်က "လူငယ်နှင့် စာဖတ်ခြင်း"၊ ပထမနှစ်သင်တန်းသူ မခိုင်ခိုင်နွယ်က "လူငယ်နှင့် နည်းပညာ"၊ ပထမနှစ်သင်တန်းသူ မနန်းချယ်ရီက "လူငယ်နှင့် ကျန်းမာရေး"နှင့် ပထမနှစ်သင်တန်းသူ မဇင်ထက်ထက်လွင်က "မိန်းကလေးများနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ" စသည့် ခေါင်းစဉ်ငါးရပ်ဖြင့် အသီးသီး ဆွေးနွေးခဲ့ကြသည်။



ထို့နောက် တက်ရောက်လာသည့် သင်တန်းသူများက ဆွေးနွေးခဲ့သည့် ခေါင်းစဉ်ရပ်များမှ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၅၀)



သီတင်းကျွတ်ပိတ်ရက်အပြီး ပြည်တွင်းပဲစျေးများ ကျဆင်း

သီတင်းကျွတ်ပိတ်ရက်အပြီး ပြည်တွင်းပဲစျေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံစျေးနှုန်းများ ကျဆင်းလာကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရသည်။

ပိတ်ရက်အပြီး ကုန်သည်အချို့ အရောင်းအဝယ်ပြန်လည်မစတင်သေးသည့်အပြင် နယ်စျေးကွက်များတွင်လည်း အရောင်းအဝယ်အေးနေဆဲဖြစ်သည်။

ပိတ်ရက်မတိုင်မီ မတ်ပဲတစ်တန်လျှင် ငွေကျပ် ၃၆၈၅၀၀၀ နှင့် ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ၃၉၉၃၀၀၀ ရှိခဲ့ရာမှ အောက်တိုဘာ ၂၈ ရက်တွင် မတ်ပဲတစ်တန်လျှင် ငွေကျပ် ၃၆၆၅၀၀၀ နှင့် ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ၃၉၅၅၀၀၀ သို့ ကျဆင်းခဲ့သည်။

လက်ရှိ ပဲစျေးနှုန်းများ ကျဆင်းနေခြင်းမှာ သီတင်းကျွတ်ပိတ်ရက်များကြောင့် ကုန်သည်များနှင့် လှောင်သမားအချို့ အရောင်းအဝယ်ပြန်လည်မစတင်သေးခြင်း၊ အိန္ဒိယနိုင်ငံ၏ ပွဲတော်ကာလအတွက် ပဲဝယ်ယူမှုလျော့နည်းလာခြင်းတို့ကြောင့် ပဲကုန်သည်များက သုံးသပ်ထားသည်။ ထို့အပြင် နယ်စျေးကွက်များတွင် ပဲလက် ကုန်များရှိနေသေးပြီး ပဲရာသီအသစ်မတိုင်မီ ပဲဟောင်းများ ထုတ်ရောင်းနေခြင်းကြောင့် ရောင်းလိုအားများနေသည်။

သို့သော် ရာသီဥတုအခြေအနေကြောင့် အိန္ဒိယနိုင်ငံ၏ ပဲအထွက်နှုန်းလျော့ကျလာပါက ဝယ်လိုအားပြန်လည်မြင့်တက်လာနိုင်ပြီး ပဲစျေးနှုန်းကျဆင်းမှုကို ထိန်းညှိပေးနိုင်ကြောင်း စျေးကွက်နားလည်သူများက သုံးသပ်ထားသည်။

လက်ရှိ FOB စျေးနှုန်းများအနေဖြင့် မတ်ပဲတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၈၀ မှ ၈၉၀ ကြားနှင့် ပဲစင်းငုံနီတစ်တန်လျှင် ဒေါ်လာ ၉၄၀ မှ ၉၅၀ ကြားရှိသည်။

အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံမှ မတ်ပဲနှင့် ပဲစင်းငုံများကို အခွန်ကင်းလွတ်တင်သွင်းခွင့်အား ၂၀၂၇ ခုနှစ် မတ်လအထိ ခွင့်ပြုထားသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် ပဲမျိုးစုံစိုက်ဧက ၁၁ သန်းကျော်ရှိပြီး မတ်ပဲနှင့် ပဲစင်းငုံစိုက်ပျိုးမှုမှာ စုစုပေါင်းစိုက်ဧက၏ ၃၅ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၈)

o-o-o-o-o-o-o-o

မန္တလေးတွင် ဆေးကုသမည့် နယ်ဝေးမှ သံဃာတော်များနှင့် လူနာများ အာယုသုခကျောင်းဆောင်၌ အခမဲ့တည်းခိုနိုင်

မန္တလေး အောက်တိုဘာ ၃၀

မန္တလေးမြို့သို့ ဆေးကုသရန် နယ်ဝေးမှ လာရောက်ကြသည့် သံဃာတော်များနှင့် လူနာများ တည်းခိုနေထိုင်ရေး အခက်အခဲကို ကူညီဖြေရှင်းပေးနိုင်ရန် အတွက် မဟာအောင်မြေပေါင်းလဲတိုက်၊ ဝါဆိုကျောင်းတိုက်တွင် 'အာယုသုခ' ဓမ္မအဆောက်အအုံကို စီစဉ်ထားရှိပြီး အခမဲ့တည်းခိုနိုင်သည်။

အဆိုပါ အဆောက်အအုံသည် မဟာအောင်မြေမြို့နယ်၊ လမ်း၄၀၊ ၈၂လမ်းနှင့် ၈၃လမ်းကြားရှိ ဝါဆိုကျောင်းတိုက်တွင် တည်ရှိပြီး RC နှစ်ထပ် အဆောက်အအုံဖြစ်ကာ အခန်း ၁၁ ခန်း၊ ပေ ၃၀ ပတ်လည်ဟောခန်း တစ်ခန်းနှင့် အများသုံး အိမ်သာ ၁၀ လုံး ပါဝင်သည်။

ထို့အပြင် လူနာများအတွက် အောက်ဆီဂျင်အိုးများ၊ အောက်ဆီဂျင်တိုင်းစက်နှင့် သွေးပေါင်ချိန်စက်များ ထားရှိပေးထားပြီး လူနာတစ်ဦး တည်းခိုပြီးနောက် အခန်းများကို ပိုးသတ်သန့်ရှင်းရေး ပြုလုပ်ကာ နောက်လူနာများအတွက် ပြန်လည်စီစဉ်ပေးထားသည်။

ညအချိန်တွင် လူနာ၏ ရောဂါအခြေအနေ အရေးပေါ်ဖြစ်ပေါ်လာပါက ပို့ဆောင်ကူညီနိုင်ရန် လူနာတင်ယာဉ်ကိုလည်း စီစဉ်ထားသည့်အပြင် မည်သည့် ဆရာဝန်နှင့် ပြသရမည်ကို မသိသူများအတွက် သက်ဆိုင်ရာ ဆေးရုံများမှ ဆရာဝန်ကြီးများနှင့် ချိတ်ဆက်ကူညီပေးလျက်ရှိသည်။

မန္တလေးမြို့သို့ လာရောက်ကြသည့် သံဃာတော်များနှင့် လူနာများအနေဖြင့် အခမဲ့တည်းခိုရေးနှင့်ပတ်သက်၍ ဝါဆိုကျောင်း ဆရာတော် ဦးအာလောကထံ ၀၉-၄၄၁၁၀၁၈၇၁ ဖြင့် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)ရွှေမန်း



မြန်မာ့ထောပတ်သီးအတွက် ပြည်တွင်းစျေးကွက်နှင့် အအေးခန်းကွန်ရက် ချိတ်ဆက်

နယ်စပ်ကုန်သွယ်ရေး အခက်အခဲများနှင့် ထုတ်လုပ်မှုစရိတ်မြင့်တက်မှုကြောင့် အခက်အခဲကြုံနေရသည့် မြန်မာ့ထောပတ်သီးမှာ တောင်သူများအတွက် ပြည်တွင်းစျေးကွက် ချိတ်ဆက်ရေး၊ အအေးခန်းသိုလှောင်ရေးနှင့် သဘာဝမြေဩဇာ အသုံးပြုရေးတို့ကို အဓိကထားသည့် လေ့လာရေးခရီးစဉ်ကို အောက်တိုဘာ ၂၇ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(MFVP)ထံမှ သိရသည်။

MFVP ဥက္ကဋ္ဌဦးကျော်သူဦးဆောင်သည့် ခရီးစဉ်တွင် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ပြင်ဦးလွင်ဒေသတို့မှ စိုက်ပျိုးထုတ်လုပ်သူများ၊ ကုမ္ပဏီများနှင့် စျေးကွက်လုပ်ငန်းရှင်များ ပါဝင်ခဲ့ပြီး ပြည်တွင်းစားသုံးမှုကို အခြေခံသည့် သစ်သီးဝလံထောက်ပံ့ဖြန့်ဖြူးရေးကွင်းဆက် ခိုင်မာလာစေရန် လေ့လာဆွေးနွေးခဲ့ကြသည်။



ခရီးစဉ်အတွင်း City Mart၊ ပြည်လမ်းရှိ အခရာစားသောက်ဆိုင်၊ တည်းကုန်းလက်ကား စျေးနှင့် မြန်မာအက်ဂရိအိစ်ချိန်း (MAEX) တို့နှင့် စျေးကွက်ချိတ်ဆက်ရေးဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည့်အပြင် GAP သဘာဝမြေဩဇာ စက်ရုံကိုလည်း လေ့လာခဲ့ကြသည်။

City Mart နှင့် တွေ့ဆုံရာတွင် မြန်မာ GAP လက်မှတ်ရသီးနှံများအတွက် စျေးကွက်ရရှိရေး၊ တောင်သူများ၏ အခက်အခဲများနှင့် ပရီမီယံစျေးကွက်သို့ ဝင်ရောက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး အစားအသောက်ဘေးကင်းလုံခြုံမှုရှိသည့် သီးနှံများမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လည်း ညှိနှိုင်းခဲ့ကြသည်။

ထို့အပြင် စားသုံးသူများထံ မြန်မာ့ထောပတ်သီးကို တိုက်ရိုက်မိတ်ဆက်ပေးသည့် အစီအစဉ်များဆောင်ရွက်ခဲ့ပြီး စားသောက်ဆိုင်လုပ်ငန်းများနှင့် ရေရှည်စျေးကွက်ချိတ်ဆက်နိုင်ရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။

တည်းကုန်း လက်ကားစျေးတွင် ထောပတ်သီးတောင်သူများနှင့် လက်ကားကုန်သည်များ တိုက်ရိုက်တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ရန်ကုန်စျေးကွက်၏ အခြေအနေနှင့် အလားအလာများကို လေ့လာခဲ့ကြသည်။ ထို့အပြင် ပို့ကုန်စျေးကွက်အခက်အခဲကြုံနေရသည့် တောင်သူများအတွက် တောင်သူတိုက်ရိုက် စျေးရုံတွင် ဆိုင်ခန်းများ စီစဉ်ပေးရန်နှင့် MAEX ၏ ၅ ဒီဂရီစင်တီဂရိတ် အအေးခန်းတွင် ထောပတ်သီး တစ်ကီလိုဂရမ်ကို တစ်ညလျှင် ငွေကျပ် သုံးကျပ်နှုန်းဖြင့် သိုလှောင်နိုင်ရေးတို့ကို ကမ်းလှမ်းခဲ့ကြောင်း MFVP ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အခြားတစ်ဖက်တွင် သွင်းကုန်ဓာတ်မြေဩဇာစျေးနှုန်းမြင့်တက်မှုကြောင့် စိုက်ပျိုးစရိတ် လျှော့ချနိုင်ရေးအတွက် GAP သဘာဝမြေဩဇာစက်ရုံသဘာဝနှင့် ဇီဝမြေဩဇာထုတ်လုပ်သုံးစွဲနည်းများကို လေ့လာခဲ့ကြပြီး ဒေသအလိုက် စမ်းသပ်စိုက်ခင်းများဖော်ဆောင်ရန်လည်း ဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါ ခရီးစဉ်မှတစ်ဆင့် GAP သီးနှံများအတွက် ပိုမိုနိုင်မာသည့် ပြည်တွင်းစျေးကွက်တည်ဆောက်ရေး၊ အအေးခန်းကွန်ရက်အသုံးပြု၍ သီးနှံပျက်စီးဆုံးရှုံးမှု လျှော့ချရေး၊ သဘာဝမြေဩဇာအသုံးပြု၍ ထုတ်လုပ်မှုစရိတ်လျှော့ချရေးနှင့် စျေးကွက်စျေးနှုန်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ရရှိရေးတို့ကို ဆက်လက်ဖော်ဆောင်နိုင်ရန် မျှော်မှန်းထားကြောင်း MFVP က ဖော်ပြထားသည်။

MFVP အနေဖြင့် တောင်သူများ၊ ကုမ္ပဏီများနှင့် စျေးကွက်လုပ်ငန်းရှင်များအကြား ပူးပေါင်းချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန်နှင့် မြန်မာ့သစ်သီးဝလံကဏ္ဍ၏ စျေးကွက်အခက်အခဲများကို ရေရှည်ရင်ဆိုင်နိုင်မည့် ထောက်ပံ့ဖြန့်ဖြူးရေးကွင်းဆက်တစ်ခုတည်ဆောက်နိုင်ရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ **ရွှေမန်း**

ကျန်းမာရေးနှင့် ပိုမိုသင့်လျော်သော စားသုံးရန်သင့်သည့် ကန်စွန်းဥ

ကန်စွန်းဥသည် မြန်မာနိုင်ငံတွင် လူအများနေ့စဉ် စားသုံးကြသော အဖြစ်စား သီးနှံတစ်မျိုး ဖြစ်သည်။ ကန်စွန်းဥကို မြေကြီးအတွင်းတွင် ကြီးထွားလာသော အဖြစ်ပိုင်းကို အဓိက စားသုံးကြပြီး အမျိုးအစားအလိုက် အခွံအရောင်နှင့် အသားအရောင်များ ကွဲပြားကြသည်။ အဖြူရောင်၊ အဝါရောင်၊ လိမ္မော်ရောင်၊ ပန်းရောင်နှင့် ခရမ်းရောင် တို့ရှိပြီး အရသာနှင့် ကန်စွန်းဥ အသားအနှံးအညံ့လည်း အနှည်းငယ်ကွာခြားကြသည်။ ကန်စွန်းဥသည် စိုက်ပျိုးရန်အလွန်ခက်ခဲသော သီးနှံမဟုတ်ဘဲ ရာသီဥတုနှင့် မြေအမျိုးအစားကို သင့်တင့်စွာ ရွေးချယ်နိုင်ပါက ကောင်းမွန်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သည်။

ထို့ကြောင့် တောင်သူများအတွက်လည်း အရေးပါသော စားသုံးသီးနှံတစ်မျိုး ဖြစ်လာခဲ့သည်။ ကန်စွန်းဥတွင် လူတို့၏ ကျန်းမာရေးအတွက် လိုအပ်သော အာဟာရဓာတ်များစွာ ပါဝင်သည်။အထူးသဖြင့် ကာဗိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ ပါဝင်သောကြောင့် ခန္ဓာကိုယ်အတွက် စွမ်းအင်ရရှိစေသည်။

ကန်စွန်းဥတွင် အမျှင်ဓာတ် ပါဝင်သည့်အတွက် အစာခြေဖျက်မှုကို အထောက်အကူပြုနိုင်ပြီး ဝမ်းလည်းမှန်စေသည်။ လိမ္မော်ရောင် ကန်စွန်းဥများတွင် ဘီတာကာရိုတင်းပါဝင်မှုကောင်းမွန်ပြီး ခန္ဓာကိုယ်အတွင်း ဗီတာမင်အေဖြစ်ပေါ်စေသောကြောင့် မျက်စိနှင့် ကိုယ်ခံအားစနစ်အတွက် အထောက်အကူပြုနိုင်သည်။ သို့သော် မည်သည့်အစားအစာမဆို အလွန်အကျွံ စားသုံးခြင်းထက် မျှတစွာ စားသုံးသင့်သည်။ ကန်စွန်းဥကို စားသုံးရာတွင်လည်း နည်းလမ်းအမျိုးမျိုးရှိသည်။ အလွယ်ဆုံးနည်းမှာ ရေဖြင့် ပြုတ်၍ စားသုံးခြင်းဖြစ်သည်။ ထို့အပြင် မီးဖုတ်၍ စားနိုင်သကဲ့သို့ ကြော်၍လည်း စားနိုင်သည်။ ကန်စွန်းဥကို ပြုတ်စားခြင်းသည် ဆီအသုံးပြုမှုနည်းသောကြောင့် ရိုးရှင်းပြီး ကျန်းမာရေးနှင့် ပိုမိုသင့်လျော်သော စားသုံးနည်းတစ်ခု ဖြစ်သည်။

အချို့ဒေသများတွင် ကန်စွန်းဥကို အချို့ပွဲ ပြုလုပ်ရာတွင်လည်း အသုံးပြုကြပြီး ကန်စွန်းဥမုန့်၊ ကန်စွန်းဥကြော်၊ ကန်စွန်းဥပြုတ်နှင့် အခြား အစားအစာများအဖြစ် ပြုပြင်စားသုံးကြသည်။ ထို့ကြောင့် ကန်စွန်းဥသည် အာဟာရရရှိစေသည့်အပြင် အစားအစာအမျိုးမျိုးပြုလုပ်နိုင်သော သီးနှံတစ်မျိုးလည်း ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

ရွှေမန်း



တရားဦး ဓမ္မစကြာတရားတော်(၁၁)

ဒေါက်တာခင်ဝင်းကြည်

ဂါထာ(၂၆) (၂၇)

မြတ်စွာဘုရားရှင် ဗာရာဏသီမြို့ မိဂဒါဝုန်တောမှာ ဓမ္မစကြာ ဟောနေကြောင်း သတင်းစကားဟာ လူ၊ နတ်၊ ဗြဟ္မာဘုံတွေ အားလုံး (၂၇)ဘုံမှာ အသံတွေ ပျံ့နှံ့ရုံသာမက တစ်သောင်းသော လောကဓာတ်(စကြဝဠာအနှံ့)မှာလည်း ပြင်းစွာသော ငလျင်များ တုန်လှုပ်ကြောင်း**(ဂါထာ- ၂၆)**၊ လောကဓာတ်တစ်ခွင်လုံးမှာလည်း အရောင်အလင်းများ ထွက်ပေါ်လာကြောင်း**(ဂါထာ- ၂၇)**မှာ ဖော်ပြ ထားပါတယ်။ အလွန်မှ မြင့်မြတ်တန်ခိုးကြီးပြီး(၃ဋ္ဌာရော)အတိုင်း အရှည်မရှိ အရောင်တွေထွက်တဲ့ ဗြဟ္မာတွေ(အပွဓာဏော)နဲ့တွေ ရဲ့ အရောင်အဝါတွေထက်တောင် လင်းလက်တဲ့ အရောင်အလင်း တွေ ထွက်ပေါ်လာတယ်လို့ ဆိုထားပါတယ်။

(ပါဠိ-မြန်မာအဘိဓာန်၊ ၈၁-၂၇၉၊ ၈၆၈၊ ၈၇၁၊ ၉၅၊ ၂၃၈၊ ၂၅၇၊ ၅၉၄၊ ၂၇)

ဂါထာ(၂၈)

ဒီဂါထာမှာတော့ မြတ်စွာဘာဘုရားရှင်ကိုယ်တော်တိုင် မိန့်တော် မူခဲ့တဲ့ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးတော်မူတာကို ဖော်ပြထား ပါတယ်။

"အရှင်ကောဏ္ဍညတော့(သစ္စာလေးပါး)တရားကို သိသွားပါ ပြီ"ဆိုတာကို ဥဒါန်းကျူးတာပါ။ (အညာသိ)

ဒီမှာ "အာယသ္မတော"ဆိုတဲ့ စကားလုံးသုံးထားတာတွေ့ရ ပါတယ်။ အာယု = အသက်ဆိုတာတော့ ကျွန်မတို့ သိထားပြီးဖြစ် မယ်ထင်ပါတယ်။ အာယသ္မတော ဆိုတာ အသက်ရှည်သော၊ အသက်ကြီးသောလို့ အဓိပ္ပာယ်ကောက်ရပါမယ်။

ရှင်ကောဏ္ဍည ဆိုတာ ဘုရားအလောင်းတော်ဖွားမြင်ပြီးကာစ (ရက်သားလေးမှာ)လက္ခဏာဖတ် ဗေဒင်ဟောခဲ့တဲ့ မင်းဆရာ ပုဏ္ဏား ပညာရှိ ငါးဦးထဲက အငယ်ဆုံး၊ လက်ညှိုးတစ်ချောင်းထဲထောင် ပြီး မင်းသားလေးဟာ တစ်နေ့မှာ သမ္ဗညုတ ဘုရားစင်စစ်ဇာတ် ဖြစ်မယ်လို့ ရဲရဲဝံ့ဝံ့ ပြောခဲ့တဲ့ ပညာရှိဖြစ်ပါတယ်။ အဲဒီအချိန်မှာ အသက်(၆၀)ရှိခဲ့တယ်ဆိုရင် ဓမ္မစကြာတရားနာရချိန်မှာ အသက် (၉၅)ဖြစ်ပါမယ်။

ပဉ္စဝဂ္ဂီငါးပါးထဲက ကျန်တဲ့လေးယောက်ကတော့ ဗေဒင်ဟော ခဲ့တဲ့ ကျန်တဲ့မင်းဆရာ လေးယောက်တို့ရဲ့ သားတွေဆိုတော့ ရှင်ကောဏ္ဍညထက် အတော့်ကိုငယ်တဲ့သူတွေဖြစ်ပါမယ်။ ဓမ္မစကြာ တရားဟောတဲ့အချိန် ဘုရားရှင်က သက်တော်(၃၅)နှစ်။ ဘုရားရှင် ထက်တော့ အသက်ကြီးကြမှာ သေချာပေမယ့် အရှင်ကောဏ္ဍည လောက်တော့ အသက်မကြီးကြသေးဘူးဆိုတာ တွက်ဆလို့ရပါ တယ်။ အရှင်ကောဏ္ဍညမှလွဲလို့ ကျန်တဲ့လေးပါးတို့ဟာ ဘကြီး အရွယ်၊ ဘဒ္ဒေးအရွယ်ဖြစ်ပါလိမ့်မယ်။

ပထမအကြိမ် ဓမ္မစကြာတရားတော်ကို နာကြားရတဲ့ **ပဉ္စဝဂ္ဂီ ငါးပါးထဲက ရှင်ကောဏ္ဍည တစ်ပါးတည်းသာ** သစ္စာလေးပါး မြတ်တရားကို သံသယလုံးဝရှိ လက်ခံယုံကြည်တော်မူခဲ့ပါတယ်။ အရိယာသူတော်သူမြတ် လေးမျိုး လေးဆင့်ရှိတဲ့အနက် ပထမဦး ဆုံးအဆင့် **သောတာပန်**ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါတယ်။

သောတာပန် = အရိယာမဂ်ဟူသော ရေအလျဉ်သို့ ဦးစွာ ခြေချမိသူ

(ပါဠိ-မြန်မာအဘိဓာန်၊ ၈၁-၉၂၅)

ပဉ္စဝဂ္ဂီငါးပါးအနက် ရှင်ကောဏ္ဍညတစ်ဦးသာ ပထမဦးဆုံး အရိယာရေအလျဉ်မှာ ဦးစွာခြေချနိုင်တဲ့ပုဂ္ဂိုလ်အဖြစ် ရောက်ရှိခဲ့တာ ရှေးရှေးဘဝဘဝတွေက ဖြည့်ကျင့်ခဲ့တဲ့ ပါရမီတွေ၊ ဆုတောင်းခဲ့ တာတွေကြောင့် ဖြစ်မှာသေချာပါတယ်။

ပုရောဟိတ်ပုဏ္ဏားဘဝမှာတုန်းကလည်း မွေးကင်းစမင်းသား လေးရဲ့ လက္ခဏာဖတ်ခဲ့ရ၊ ဗေဒင်တွက်ခဲ့ရတုန်းကလည်း ကိုယ်တိုင် ဖတ်ခဲ့၊ တွက်ခဲ့ရတာဖြစ်လို့ လက္ခဏာပညာ၊ ဗေဒင်ပညာအရလည်း ဘုရားစင်စစ်ဇာတ်ဖြစ်မယ်ဆိုတာ အဖြေထွက်ခဲ့လို့ လက်တစ် ချောင်းပဲထောင်ခဲ့တာ မဟုတ်ပါလား။ ပဉ္စဝဂ္ဂီထဲက ကျန်လေးပါး ကတော့ သူတို့ရဲ့ဖခင်တွေပြောတာကိုပဲ ကြားခဲ့ရတာလေ။

ဂါထာ(၂၉)

ရှင်ကောဏ္ဍညဟာ အရိယာနွယ်ဝင် သောတာပန်ပုဂ္ဂိုလ်ဖြစ် သွားပြီဖြစ်လို့-

၁။ တရားကို သိမြင်သည်။ (ဒိဋ္ဌမ္မော)

၂။ ရအပ်ပြီးသော သစ္စာတရားရှိသည်။ (ပတ္တမ္မော)

၃။ သိအပ်ပြီးသော သစ္စာတရားရှိသည်။ (ဝိဒိတမ္မော)

၄။ ဉာဏ်ဖြင့် သက်ဝင်ယုံကြည်သည်။ (ပရိယောဂါဠှမ္မော)

၅။ ယုံမှားသံသယကို လွန်မြောက်ပြီးသူ။ (တိဏ္ဏဝိစိကိစ္ဆော)

၆။ သို့လောသို့လောဟု တွေးတောခြင်းကင်းသည်။ (ဝိဂတ ကထံ ကထော)

၇။ ရဲရင့်သည်၏အဖြစ်သို့ရောက်သည်။ (ဝေသာရဇ္ဇပ္ပတ္တော)

၈။ ဗုဒ္ဓမှတစ်ပါး အခြားသော ယုံကြည်ရာသောသူ မရှိတော့။ (အပရပ္ပစ္စယော)

၉။ မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်၌ တည်သည်။ (သတ္ထုသာသနေ)

အဲ့ဒီလိုဖြစ်တဲ့အတွက် မြင့်မြတ်သောရဟန်း(ပဒ္မဒ္ဓ)အဖြစ်သို့ ခံယူလိုပါကြောင်း ဘုရားရှင်ထံ ခွင့်တောင်းလျှောက်ထားခဲ့ပါတယ်။

(ပါဠိ-မြန်မာအဘိဓာန်၊ ၈၁-၄၃၂၊ ၅၄၁၊ ၇၇၇၊ ၅၇၂၊ ၄၀၉၊ ၇၇၀၊ ၂၇၃၊ ၈၁၂၊ ၈၇၊ ၈၄၁၊ ၅၄၉၊ ၂၂၂)

ဂါထာ(၃၀)

ဒီဂါထာမှာလည်း ဂါထာ(၂၈)မှာကဲ့သို့ မြတ်စွာဘုရားရှင်ကိုယ် တော်တိုင်ရဲ့ မိန့်ဆိုချက်ကို ဖော်ပြထားပါတယ်။

မြတ်စွာဘုရားရှင်က ညာလက်တော်ကို ဆန့်တန်း၍ "ဧဟိ ဘိက္ခူ"ခေါ်တော်မူပါတယ်။

"ရဟန်း လာလှည့်လော့" (လာခဲ့ပါ)ဆိုပြီး မိန့်တာပါ။

(ပါဠိ-မြန်မာအဘိဓာန်၊ ၈၁-၂၄၈)

၁။ ကောင်းစွာဟောကြားအပ်သောတရား။ (သွာက္ခာတော ဓမ္မော) **(၈၁-၉၂၈)**

၂။ မြတ်သောအကျင့်(ဗြဟ္မစရိယ)တို့ကို လက်ခံကျင့်သုံးပါတော့။ **(၈၁-၆၄၄)**

၃။ ဒုက္ခခပ်သိမ်းကို အဆုံးသတ်သွားအောင်ပြုပါတော့။ (သမ္မာဒုက္ခဿ အန္တကိရိယာ) **(၈၁-၇၈)**

ဒီအချက် သုံးချက်ကို မိန့်တော်မူပြီး ရှင်ကောဏ္ဍညကို ဗုဒ္ဓရဲ့ အဆုံးအမ(သာသနာတော်)အတွင်း ပထမဦးဆုံးသော တပည့်သာ ဝက(အဆုံးအမကို လိုက်နာသူ)အဖြစ် မြင့်မြတ်သော ရဟန်းအဖြစ် သို့ သွတ်သွင်းချီးမြှောက်တော်မူခဲ့ပါတယ်။

အဲ့ဒီတော့ ရှင်ကောဏ္ဍညဟာ မြတ်စွာဘုရားရှင်ရဲ့ သာသနာ တော်မှာ ပဉ္စဝဂ္ဂီငါးပါးထဲမှာ ပထမဦးဆုံး-

၁။ သောတာပန်တည်သော ပုဂ္ဂိုလ်

၂။ ဘုရားရှင်ကိုယ်တော်တိုင် ဧဟိဘိက္ခူခေါ်တော်မူ၍ ရဟန်းအဖြစ် သံဃာ့ဘောင်အတွင်းသွတ်သွင်းချီးမြှောက်ခံရသော ပုဂ္ဂိုလ်ဖြစ် ပါတယ်။

ဘုရားရှင်က ဧဟိဘိက္ခူ ခေါ်တော်မူလိုက်တာနဲ့တစ်ပြိုင်နက် ဆံမုတ်ဆိတ် စသည်တို့အားလုံး ပယ်ပြီးရုံသာမက သင်္ကန်း၊ ပရိ က္ခရာအပြည့်အစုံနဲ့ ဝါတော်(၆၀)ရင့်ကြိုဖြစ်တဲ့ ရဟန်းတစ်ပါးအသွင် ဣန္ဒြေသိက္ခာအပြည့်နဲ့ ရဟန်းတစ်ပါးအသွင်ဖြင့် ကြည်ညိုစဖွယ် ရဟန်းတစ်ပါး ဖြစ်သွားပါတော့တယ်။

နိဂုံး

ကျွန်မလည်း မြတ်စွာဘုရားရှင်ရဲ့ တရားဦးဓမ္မစကြာအကြောင်း ကျွန်မ ဖတ်ထား မှတ်ထားမိသရွေ့၊ ကျွန်မ ဉာဏ်မီသရွေ့ ရေး သားတင်ပြလာလိုက်တာ ဆောင်းပါး(၁၁)အထိတောင် ရောက်သွား ပါတော့တယ်။

ကျွန်မ တင်ပြခဲ့တဲ့အတိုင်း ဂါထာ(၃၀)ရှိတာမှာ ဘုရားရှင်ရဲ့ အဆုံးအမတရားတော်အနေနဲ့ အဓိကအရေးအကြီးဆုံးက သစ္စာလေး ပါးကို ဖော်ပြထားတဲ့ ဂါထာ(၄)၊ (၅)၊ (၆)၊ (၇) ဖြစ်ပါတယ်။

ဒီဂါထာ လေးပုဒ်ရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကိုတော့ ကျွန်မတို့ ဗုဒ္ဓဘာသာဝင်တွေ ကောင်းကောင်းနားလည်ထားသင့်တယ်လို့ ထင် ပါတယ်။ ဒါက ပထမဦးဆုံးနဲ့ အရေးအကြီးဆုံးအဆင့်ဖြစ်လို့ ကျွန်မတို့ ကြိုးစားပြီး အလုပ်စကြရအောင်ပါ။

နံနက်စောစော မျက်နှာသစ်ပြီး မုန့်ကြည့်မိလို့ ကျွန်မတို့ မျက် လုံးလေးတွေဘေးမှာ အရေးအကြောင်းလေးတွေမြင်ရင် ဒါဘုရားရှင် မိန့်ခဲ့တဲ့ ဇရာဆိုတဲ့ ဒုက္ခပြနေတာပါလား၊ ဖျားရင်၊ နာရင်လည်း ဒါ ဘုရားရှင်မိန့်ခဲ့တဲ့ နာခြင်း(ဗျာဓိ)ဆိုတဲ့ ဒုက္ခပါလား။ လမ်းမှာ အသုဘယာဉ်တွေ့ရင် ဒါဘုရားရှင်မိန့်ခဲ့တဲ့ သေခြင်း(မရဏ)ဆိုတာ ကို ပြတာပါလား။ တစ်ဆက်တည်းမှာ ဒီဒုက္ခတွေက ဘယ်သူမှ ကျော်လွှားလို့မရတဲ့ တရားတွေပါလား စသဖြင့်ပေါ့လေ။ ဇရာ လေးဖြစ်ဖြစ် ဒုက္ခသစ္စာဆိုတာ သိပ်မှန်ပါလားဆိုတာလေး သတိ ထားလိုက်မယ်လေ။

ဒါကျွန်မတို့ တီကို ဆားနဲ့တို့ဆိုသလို လန့်လန့်နေကြတဲ့ တရားကို နှလုံးသွင်းလိုက်တာပါပဲ။ လက်တွေ့ဘဝမှာ တရားကျင့် လိုက်တယ်လို့ပြောရင်လည်း မမှားပါဘူး။

ကျွန်မတို့ လက်တွေ့ဘဝမှာ တကယ်တွေ့နေကြရတဲ့ ဒုက္ခ လေးတွေကို ဒုက္ခမှန်းသိ သိပေးနေတာနဲ့ အလုပ်စကြမယ်လေ။ ပဋိသန္ဓေနေရတာလည်း ဒုက္ခဆိုတာ ပြန်တွေးကြည့်ရင် ဟုတ်တာ ပဲလေ။ ချစ်တဲ့သူတွေနဲ့ ခွဲနေရတာလည်း ဒုက္ခ၊ ချစ်တဲ့လူတွေနဲ့ တွေ့နေရတာလည်း ဒုက္ခ။ သိပ်ဟုတ်တာပါလား။ လိုချင်တာမရ လည်း ဒုက္ခ။ သိပ်ဟုတ်ပါလား။ နောက်ဆုံးတော့လည်း ခန္ဓာငါးပါး ရှိလို့ ဒုက္ခရှိနေတာပါလား။

နောက်တစ်ဆင့် သမုဒယသစ္စာ။ ဒုက္ခတွေများလိုက်တာ။ ဘာ ကြောင့် ဒုက္ခရောက်နေရတာလဲ။

မျက်နှာမှာပေါ်လာတဲ့ အရေးအကြောင်းတွေမြင်တာနဲ့ ဘာလို့ ဒုက္ခလို့ ပြောနေရလဲ။ ဇရာမလိုချင်လို့၊ နုပျိုလှပမှုကို မက်မောလို လားနေလို့(ဒါက တဏှာ)။

ဖျားတာ၊ နာတာကို ဒုက္ခ။ ဘာလို့လဲ။ နာခြင်းကို မလိုလား လို့၊ ကျန်းမာတာကို လိုလားနေလို့၊ တပ်မက်နေလို့။ တဏှာ။

သေဆုံးခြင်းဆိုတာလည်း ဒုက္ခ။ ဘာလို့လဲ။ သေဆုံးရတာ မလိုလားလို့။ အမြဲအသက်ရှင်နေရတာ ရှင်သန်နေရတဲ့ဘဝကို လိုလားတပ်မက်နေလို့။ တဏှာ။

ချစ်ရသူလို့ ပြောကတည်းက အဲ့ဒီလူကို တွယ်တာနေလို့ (သံယောဇဉ်)။ ဒါလည်း တစ်နည်းအားဖြင့် တဏှာပါပဲ။

ဖျားတာ၊ နာတာကိုက ဒုက္ခ။ ဘာလို့လဲ။ နာခြင်းကို မလိုလားလို့၊ ကျန်းမာတာကို လိုလားနေလို့၊ တပ်မက်နေ လို့။ တဏှာ။

သေဆုံးခြင်းဆိုတာလည်း ဒုက္ခ။ ဘာလို့လဲ။ သေဆုံး ရတာမလိုလားလို့။ အမြဲအသက်ရှင်နေရတာ ရှင်သန်နေ ရတဲ့ ဘဝကို လိုလားတပ်မက်နေလို့။ တဏှာ။

ချစ်ရသူလို့ ပြောကတည်းက အဲ့ဒီလူကို တွယ်တာ နေလို့ (သံယောဇဉ်)။ ဒါလည်း တစ်နည်းအားဖြင့် တဏှာပါပဲ။

ကျွန်မတို့ တီကို ဆားနဲ့တို့ဆိုသလို လန့်လန့်နေကြတဲ့ တရားကို နှလုံးသွင်းလိုက်တာပါပဲ။ လက်တွေ့ဘဝမှာ တရားကျင့် လိုက်တယ်လို့ပြောရင်လည်း မမှားပါဘူး။

ကျွန်မတို့ လက်တွေ့ဘဝမှာ တကယ်တွေ့နေကြရတဲ့ ဒုက္ခ လေးတွေကို ဒုက္ခမှန်းသိ သိပေးနေတာနဲ့ အလုပ်စကြမယ်လေ။ ပဋိသန္ဓေနေရတာလည်း ဒုက္ခဆိုတာ ပြန်တွေးကြည့်ရင် ဟုတ်တာ ပဲလေ။ ချစ်တဲ့သူတွေနဲ့ ခွဲနေရတာလည်း ဒုက္ခ၊ ချစ်တဲ့လူတွေနဲ့ တွေ့နေရတာလည်း ဒုက္ခ။ သိပ်ဟုတ်တာပါလား။ လိုချင်တာမရ လည်း ဒုက္ခ။ သိပ်ဟုတ်ပါလား။ နောက်ဆုံးတော့လည်း ခန္ဓာငါးပါး ရှိလို့ ဒုက္ခရှိနေတာပါလား။

နောက်တစ်ဆင့် သမုဒယသစ္စာ။ ဒုက္ခတွေများလိုက်တာ။ ဘာ ကြောင့် ဒုက္ခရောက်နေရတာလဲ။

မျက်နှာမှာပေါ်လာတဲ့ အရေးအကြောင်းတွေမြင်တာနဲ့ ဘာလို့ ဒုက္ခလို့ ပြောနေရလဲ။ ဇရာမလိုချင်လို့၊ နုပျိုလှပမှုကို မက်မောလို လားနေလို့(ဒါက တဏှာ)။

ဖျားတာ၊ နာတာကို ဒုက္ခ။ ဘာလို့လဲ။ နာခြင်းကို မလိုလား လို့၊ ကျန်းမာတာကို လိုလားနေလို့၊ တပ်မက်နေလို့။ တဏှာ။

သေဆုံးခြင်းဆိုတာလည်း ဒုက္ခ။ ဘာလို့လဲ။ သေဆုံးရတာ မလိုလားလို့။ အမြဲအသက်ရှင်နေရတာ ရှင်သန်နေရတဲ့ဘဝကို လိုလားတပ်မက်နေလို့။ တဏှာ။

ချစ်ရသူလို့ ပြောကတည်းက အဲ့ဒီလူကို တွယ်တာနေလို့ (သံယောဇဉ်)။ ဒါလည်း တစ်နည်းအားဖြင့် တဏှာပါပဲ။

လက်တွေ့ဘဝမှာ တရားတွေ့ပါလား စသဖြင့်ပေါ့လေ။ ဇရာ လေးဖြစ်ဖြစ် ဒုက္ခသစ္စာဆိုတာ သိပ်မှန်ပါလားဆိုတာလေး သတိ ထားလိုက်မယ်လေ။

ဒါကျွန်မတို့ တီကို ဆားနဲ့တို့ဆိုသလို လန့်လန့်နေကြတဲ့ တရားကို နှလုံးသွင်းလိုက်တာပါပဲ။ လက်တွေ့ဘဝမှာ တရားကျင့် လိုက်တယ်လို့ပြောရင်လည်း မမှားပါဘူး။

ကျွန်မတို့ လက်တွေ့ဘဝမှာ တကယ်တွေ့နေကြရတဲ့ ဒုက္ခ လေးတွေကို ဒုက္ခမှန်းသိ သိပေးနေတာနဲ့ အလုပ်စကြမယ်လေ။ ပဋိသန္ဓေနေရတာလည်း ဒုက္ခဆိုတာ ပြန်တွေးကြည့်ရင် ဟုတ်တာ ပဲလေ။ ချစ်တဲ့သူတွေနဲ့ ခွဲနေရတာလည်း ဒုက္ခ၊ ချစ်တဲ့လူတွေနဲ့ တွေ့နေရတာလည်း ဒုက္ခ။ သိပ်ဟုတ်တာပါလား။ လိုချင်တာမရ လည်း ဒုက္ခ။ သိပ်ဟုတ်ပါလား။ နောက်ဆုံးတော့လည်း ခန္ဓာငါးပါး ရှိလို့ ဒုက္ခရှိနေတာပါလား။

နောက်တစ်ဆင့် သမုဒယသစ္စာ။ ဒုက္ခတွေများလိုက်တာ။ ဘာ ကြောင့် ဒုက္ခရောက်နေရတာလဲ။

မျက်နှာမှာပေါ်လာတဲ့ အရေးအကြောင်းတွေမြင်တာနဲ့ ဘာလို့ ဒုက္ခလို့ ပြောနေရလဲ။ ဇရာမလိုချင်လို့၊ နုပျိုလှပမှုကို မက်မောလို လားနေလို့(ဒါက တဏှာ)။

ဖျားတာ၊ နာတာကို ဒုက္ခ။ ဘာလို့လဲ။ နာခြင်းကို မလိုလား လို့၊ ကျန်းမာတာကို လိုလားနေလို့၊ တပ်မက်နေလို့။ တဏှာ။

သေဆုံးခြင်းဆိုတာလည်း ဒုက္ခ။ ဘာလို့လဲ။ သေဆုံးရတာ မလိုလားလို့။ အမြဲအသက်ရှင်နေရတာ ရှင်သန်နေရတဲ့ဘဝကို လိုလားတပ်မက်နေလို့။ တဏှာ။

ချစ်ရသူလို့ ပြောကတည်းက အဲ့ဒီလူကို တွယ်တာနေလို့ (သံယောဇဉ်)။ ဒါလည်း တစ်နည်းအားဖြင့် တဏှာပါပဲ။

အယ်လ်နီညိုရာသီဥတုအကြောင်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေ



ဝိုင်းမော် အောက်တိုဘာ ၃၀

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ပြည်သူများ ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်ရည်ရွယ်၍ အမှိုက်အပုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ရွှေကျင်ကျေးရွာ၊ မခေါ်ရမ်ကျေးရွာနှင့် နောင်တာလောကျေးရွာများသို့ အယ်လ်နီညိုအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ဝိုင်းမော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမိုးအောင်နှင့် ခရိုင်ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကျေးရွာရပ်မိရပ်ဖများ ပူးပေါင်းအဖွဲ့များက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်နိုင်ပြီး အပူလွန်ကဲခြင်းများ၊ ရေရှားပါးခြင်းများ၊ ကျန်းမာရေးပြဿနာများဖြစ်ပွားလာနိုင်သည့်အတွက် ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်ရှောင်ရန်များ၊ သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာထိန်းသိမ်းခြင်းနှင့် ရေကိုလိုအပ်သလောက်သာသုံးစွဲကျရန် လိုက်နာရမည့်အချက်များအား အသိပညာပေးပြောကြားပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း ဝိုင်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောသည်။

(အပေါ်ဝဲပုံ)
အောင်ရဲကျော်(ကျေးလက်)

--*-*
--*-*-*-*-*

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်း ကျင်းပ

မိုင်းယောင်း အောက်တိုဘာ ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အောက်တိုဘာ ဒုတိယပတ်က စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်းဖြစ်သည့် Book Club၊ Youth Club၊ Woman Club အသင်းအဖွဲ့တို့နှင့် ပူးပေါင်း၍ စာရေးဆရာအောင်သင်း၏ 'လူငယ်ရဲ့ ဘဝနှင့်တန်ဖိုး' စာအုပ်ဖြင့် စာဖတ်ဝိုင်းကို လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက စာဖတ်ရှုနိုင်မြှင့်တင်ရန်နှင့် စာပေချစ်မြတ်နိုးသူများ တိုးပွားလာစေရန်၊ အချင်းချင်း အပြန်အလှန်ဆွေးနွေးတတ်သည့်အလေ့အထနှင့် အသင်းအဖွဲ့ရင်နှီးမှုနှင့် အသိပညာမျှဝေမှုအလေ့အထကောင်းများ ရရှိလာစေရန်၊ လူကြီးများကိုယ်တိုင် လူငယ်တို့နှင့်အတူပါဝင်ကာ စာဖတ်ဝိုင်းပြုလုပ်ပြီး လူငယ်များ စာဖတ်ခြင်းတွင် မော်မြေစေရန်နှင့် အပြောအဆိုအတတ်ပညာနှင့် အတွေးအခေါ်များ ပွင့်ပြိုးလာစေရန် စသည့် စာဖတ်ဝိုင်းပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်နန်းပန်းကသိအောင်ကြိုးစားပါနှင့် ကျွမ်းကျင်-၃(ရုပ်သံ)ဒေါ်နန်းစီဖောင်းက စာရိတ္တတန်ဖိုးအကြောင်း၊ Woman Club မှ ဒေါ်နန်းခမ်းပင်းက ဘဝရဲ့အဓိပ္ပာယ်အကြောင်းနှင့် ဒေါ်နန်းကောင်ခမ်းကအိမ်ရှိကိုဘယ်လိုအသုံးချသလဲအကြောင်း၊ Book Club မှ မောင်ဒါရေလှာက လုပ်အားနဲ့တည်ဆောက်ထားတဲ့ တန်ဖိုးအကြောင်း၊ Youth Club မှ မနန်းရတီမိုးမြင့်က တန်ဖိုး ၃ မျိုးအကြောင်းကို အသီးသီး ဖတ်ကြားကြသည်။

ထို့နောက် စာဖတ်ဝါသနာပါသူများ၊ စာပေမြတ်နိုးသူများ အချင်းချင်း မိမိတို့ဖတ်ရှုထားသည်များကို ပြန်လည်ဆွေးနွေးခြင်း၊ ရရှိလာသည့် အသိပညာဗဟုသုတနှင့် စာပေဆိုင်ရာအသိအမြင်များကို အပြန်အလှန်ဆွေးနွေးဖလှယ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
ဝေဝေခိုင်(ပြန်/ဆက်)

ဖတ်စရာ၊ မှတ်စရာ ခုံလင်း ကြေးမုံ

ခင်ပွန်းဆယ်ပါး ကန်တော့အားဖြင့်

* လွန်ခဲ့တိတ်ဟောင်း
ဘဝ···ကြောင်းမှာ···။
* ဘုရားတပည့်တော်
ဦးခိုက်မျှော်ရည်
ဂင်္ဂါတည်မက များပြားလှသား
ဘုရားပစ္စေကာ အဆူဆူတို့ကို···။
* များလှအကုန် ရဟန္တာစုံနှင့်
အင်္ဂါ , မဟာ သာဝကအဖြာဖြာတို့ကို···။
* မာတာ မိခင်
ဖခင်ပိတာ မိဘလုတို့ကို···။
* အရွယ်,ပညာ,သီလရာနှင့်
တတ်သိလိမ္မာ သင်ကြားပါလည်း
အပါယ်သံသရာ လွတ်စေမှာကို
ဆုံးမဖြာဖြာ ဆရာများစွာတို့ကို···။
* အရေးတစ်စုံ
ကိုယ်၌ကြုံလာ စေတနာဖြင့်
ကျေးဇူးပြုဖူး သူတစ်ထူးအပါ
အရာဆယ်ပါး ခင်ပွန်းကြီးများကို···။
* ဆယ်ဖြာလက်စုံ
ဦးခိုက်ရုံပ ကန်တော့လှဖြင့်
နေ့ညမသွေ ရှိပါစေအား
ကောင်းခြင်းဝေသား ဝေစေသား···ဟု။ ။

ရေချမ်း-မန်း

မုံရွာဓာတ်ပုံအသင်း၏ ၂၀၂၆ ခုနှစ်၊ လပတ်(၂/၂၀၂၆) မော်ဒယ်(Outdoor)အလှဓာတ်ပုံပြိုင်ပွဲ ဆုရသူများစာရင်း ထုတ်ပြန်

မုံရွာ အောက်တိုဘာ ၃၀

မုံရွာဓာတ်ပုံအသင်း၏၂၀၂၆ ခုနှစ်၊ လပတ်(၂/၂၀၂၆)မော်ဒယ်(Outdoor)အလှဓာတ်ပုံပြိုင်ပွဲဆုရသူများစာရင်းကို အောက်တိုဘာ ၂၉ ရက်တွင် ထုတ်ပြန်သည်။

ပထမဆု စိုးညီညီ၊ ဒုတိယဆု မန်းကိုကို၊ တတိယဆု အောင်ကိုကိုချစ်၊ နှစ်သိမ့်ဆု(၁)အောင်ကိုကိုချစ်၊ နှစ်သိမ့်ဆု (၂)မောင်ချမ်း၊ နှစ်သိမ့်ဆု(၃)စိုးညီညီတို့ ရရှိကြသည်။

မုံရွာဓာတ်ပုံအသင်း၀င်များ၏ ပြိုင်ပွဲ၀င်ဓာတ်ပုံများကို ဦးဇော်၀င်း၊ ဦးစောမင်း၊ ဦးစိုးတင့်၊ ဦးစောဇာဟေနှင့် ဦးသွေးသစ်နောင်တို့က Software စနစ်ဖြင့်အမှတ်ပေးရွေးချယ်ထားခြင်းဖြစ်သည်။

မုံရွာဓာတ်ပုံအသင်း၏၂၀၂၆ ခုနှစ်၊ လပတ်(၂/၂၀၂၆)မော်ဒယ်(Outdoor) အလှဓာတ်ပုံပြိုင်ပွဲကို အောက်တိုဘာ ၁၀ ရက်နံနက်ပိုင်းက မုံရွာမြို့၊ ကျောက်ကာလမ်း၊ ပြည်သူ့ဥယျာဉ်အတွင်း ကျင်းပခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲတွင်မော်ဒယ်လ် မခင်မြတ်နိုးသူက သရုပ်ဆောင်အလှပြခဲ့ပြီး မုံရွာဓာတ်ပုံအသင်း၀င် ၂၀ ကျော် ဝင်ရောက်ရိုက်ကူးယူခဲ့ပြိုင်ခဲ့ကြကြောင်း သိရသည်။

(ယာပုံ)
(၃၉၄)





သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

အကြိမ်(၂၅၉၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရောင်စုံမီးကြာခွက်မျှော်ပွဲ ကျင်းပ



မကွေး အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီးအိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ အကြိမ်(၂၅၉၀) မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက် ၈ နာရီက မြသလွန်စေတီတော် ရင်ပြင်တော်၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဧနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ စေတနာရှင် အလှူရှင်များ၊ ဘုရားဖူးလာပြည်သူများ တက်ရောက်ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မကွေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များနှင့် သီလရှင် ၁၂၈ ပါးတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဆွမ်းဆန်တော်များ၊ ဝတ္ထုဇွေများ၊ ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ဆပ်ပြာ၊ အချို့ရည်၊ ဖယောင်းတိုင်၊ အမွေးတိုင် စသည့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြသည်။

အဆိုပါ မြသလွန်ဘုရားပွဲတော်တွင် ဈေးဆိုင်တန်းများ၊ စားသောက်ဆိုင်များ၊ ကစားကွင်းများ၊ ပြဇာတ်ရုံများ၊ ဒေသထွက်ကုန်အရောင်းဆိုင်များနှင့် အညာဒေသရိုးရာ မုန့်ဆိုင်တန်းများ ခင်းကျင်းရောင်းချလျက်ရှိပြီး အနှယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူ မိဘပြည်သူများဖြင့် နေ့စဉ် စည်ကားများပြားလျက်ရှိသည်။

ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြသလွန်စေတီတော်မြတ်ကြီးအား ပူဇော်သောအားဖြင့် ရောဝတီမြစ်ကမ်းနံဘေး River View Point Pavilion အနီးတွင် ဒေသခံပြည်သူများနှင့်အတူ ရောင်စုံမီးကြာခွက်များအား ဧရာဝတီမြစ်အတွင်းသို့ မီးမျှောပူဇော်ကြသည်။

အဆိုပါ ရောင်စုံမီးကြာခွက်မီးမျှောပွဲကို မကွေးမြသလွန်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ ဗုဒ္ဓဘာသာဝင်တို့၏ သာသနာပြုကုသိုလ်များ တိုးပွားစေရန်၊ အမျိုးဘာသာ၊ သာသနာနှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)
မောင်ခိုင်မင်း(ပြန်/ဆက်)

ရာသက်ပန် ဆွမ်းပဒေသာပင်လှူဒါန်း



မန္တလေး အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်း ကျောင်းအုပ်ဆရာတော်အဘိဓေမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A)က သင်တန်းကျောင်းရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းခြင်းကို ယမန်နေ့ နံနက်က အဆိုပါ သင်တန်းကျောင်းရှိ အောင်မင်္ဂလာဆွမ်းစားဆောင်တွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်က သြဝါဒကထာမြွက်ကြားပြီး ကျောင်းအုပ်ဆရာတော် လှူဒါန်းသော ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀ ကို ဆရာတော်ကိုယ်စား ရဟန်းအမကြီး ဒေါ်ကြီးငွေး သားသမီးများက လှူဒါန်းရာ သင်တန်းကျောင်း ဥပတ္ထမ္ဘကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုခမမ္မဏီ ဧာတရဒဠိဒ္ဓဇဂ္ဂန်း၊ အတွင်းရေးမှူး ဦးမိုးနိုင်ဝင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) PNT

သံဃာတော်များအား UID ကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိ

မိုးနဲ အောက်တိုဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နှမ့်စန်ခရိုင်၊ မိုးနဲမြို့နယ်၌ သံဃာတော်များအား Biometric ကောက်ယူ၍ UID ကတ်များ ထုတ်ပေးခြင်းကို ယနေ့ နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ခိုင်နှင့်ဝန်ထမ်းများက မြို့ပေါ်နှင့်ကျေးရွာ ဗုဒ္ဓသာသနာပြုဘုန်းတော်ကြီးကျောင်းများမှ ဝါဆိုသံဃာစာရင်းတွင် ပါဝင်သော သံဃာတော်များအား Biometric ကောက်ယူ၍ UID ကတ်များ ထုတ်ပေးခြင်းနှင့် ကျန်ရှိခဲ့မှု မရှိစေရေးအတွက်ကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)
မြို့နယ်(ပြန်/ဆက်)



ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ သာသနာ့ရောင်ခြည် သီလရှင်စာသင်တိုက်သို့ ဆန်၊ ဆီ၊ ဆား။ ပဲဝါလေးများ ဆက်ကပ်လှူဒါန်း

ညောင်ဦး အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ယနေ့ နံနက် ၁၀ နာရီက ကုန်းတန်းကြီး ကျေးရွာအုပ်စုအတွင်းရှိ သာသနာရောင်ခြည် သီလရှင်စာသင်တိုက်သို့ ဆန်၊ ဆီ၊ ဆား၊ ပဲဝါလေးများ လှူဒါန်းခဲ့သည်။

ညောင်ဦးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာဟိန်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် သာသနာ့ရောင်ခြည်သီလရှင်စာသင်တိုက်ရှိ ပရိယတ္တိစာပေများ သင်ကြားလျက်ရှိသည့် ဆရာကြီး၊ ဆရာလေးများ စိတ်အေးချမ်းသာစွာ စာပေသင်ကြားနိုင်ရေးအတွက် ဆန်၊ဆီ၊ ဆား၊ ပဲဝါလေး၊ သစ်သီးမျိုးစုံ၊ ဆပ်ပြာနှင့် ခေါက်ဆွဲခြောက်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

(ယာပုံ)
(၄၈၁)





မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ရွာရှိ အရိယဝံသမိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာကြီး၌ ကျင်းပမည့် သံဃာ့ပဝါရဏာသဘင်ဆင်ယင်ပူဇော်ပွဲတွင် ကြွရောက်ချီးမြှင့်တော်မူကြမည့် ဆရာတော်များအား ဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် အလှူရှင် မန္တလေးမြို့၊ ကျွဲဆည်ကန်နေ ဦးမိုး+ဒေါ်သူ (သမီး)မရှင်းရှင်း (Top Star ကုန်စာပစ္စည်းရောင်းဝယ်ရေး) မိသားစုက အလှူငွေကျပ် နှစ်သိန်းကို အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီက အလှူရှင်နေအိမ်၌ ပေးအပ်လှူဒါန်းရာ ရိပ်သာအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ထွေး(နေဒွန်ဝမ်းစတားတာယာရောင်းဝယ်ရေး)က လက်ခံရယူပြီး ကျေးရွာတင်စကားပြောကြားကာ အလှူရှင်မိသားစုထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ **(၀၅၃)**

စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင်၊ မန္တလေးမြို့နေ ကွယ်လွန်သူ (ဖခင်)ဦးလောရှော+(မိခင်)ဒေါ်ချစ်၊ (အစ်ကို)ဦးကျော်ရှိန်၊ ဦးဖိုးတာ၊ ဦးကျော်မြင့်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုမှ တစ်နေ့တာဆွမ်းအလှူငွေကျပ် ငါးသိန်း၊ ဆေးပဒေသာပင် ငွေကျပ်တစ်သိန်း၊ စုစုပေါင်း ခြောက်သိန်းကို လှူဒါန်းရာ စီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဥက္ကဋ္ဌ သုခမမ္မဏီဧာတရဒဠိစိုးလင်း၊ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းနှင့် ဆွမ်းကွမ်း အဖွဲ့ဝင်–ဦးယုတင်တို့က လက်ခံရယူစဉ်။

(ကဆ)



မျက်စိလှူကြ
မျက်ကြည်ရ
မြတ်သည့် လှူဒါန်း။

လူနာများအတွက် နေ့ဘက်အပူရောင် ပြင်ပလူနာစောင့်ရောက်ရေးဌာန ဖွင့်လှစ်



မင်းဘူး အောက်တိုဘာ ၃၀

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ရှိ ပြည်သူ့ဆေးရုံကြီး၌ အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ အပူချိန်မြင့်မားပြီး ကြံတွေ့နိုင်သည့် Heat Stroke လူနာများအတွက် နေ့ဘက်အပူရောင် ပြင်ပလူနာစောင့်ရောက်ရေးဌာနကို အရန်သင့်ဖွင့်လှစ်ထားရှိပြီး ကုသဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ဆေးရုံ၌ အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ လုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရှိမှုများကို မင်းဘူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် အဖွဲ့ဝင်များ ယမန်နေ့ နံနက်ပိုင်းက သွားရောက် ကြည့်ရှုစစ်ဆေးရာ ခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးမြဝင်းက ဆေးရုံကြီးတွင် လာရောက်ကုသမည့် Heat Stroke လူနာများအတွက် နေ့ဘက် အပူရောင် ပြင်ပလူနာစောင့်ရောက်ရေးဌာနကို ဖွင့်လှစ်ထားရှိပြီး ကုသဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ဆေးကုသဆောင်များနှင့် ဆေးဝါးများ အရန်သင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ခရိုင်အုပ်ချုပ်ရေးမှူးက အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားပြီး ကြုံတွေ့နိုင်သည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဆက်လက်၍ မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆေးရုံအတွင်းရှိ အောက်ဆီဂျင်စက်ရုံ၌ အောက်ဆီဂျင်များ ထုတ်လုပ်သုံးစွဲနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

မောင်မောင်(မင်းဘူး)



အေးရိပ်ငြိမ် ဘာသာပေါင်းစုံသုသာန်၌ (၄၉)ကြိမ်မြောက် အကျွတ်အလွတ်ဒါနပြုအမျှဝေပွဲ ကျင်းပ

ပုသိမ်ကြီး အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကြာနီကန်ကျေးရွာ၊ အေးရိပ်ငြိမ်ဘာသာပေါင်းစုသုသာန်၌ (၄၉)ကြိမ်မြောက် ဝေမာနိက၊ ပေတဥ္ဒိဿဒါန အကျွတ်အလွတ်ဒါနပြုအမျှဝေပွဲကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက် နံနက် ၈ နာရီက အဆိုပါသုသာန် သာလာယံဇရပ်တွင် ကျင်းပသည်။

အခမ်းအနားသို့ ပုသိမ်ကြီးမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓသာသနာပြု ရွှေကြေးစည်ဆရာတော် ဘဒ္ဒန္တဥတ္တမ အမှူးပြုသော ပင့်သံဃာတော် ၁၂ ပါး ကြွရောက်တော်မူကြပြီး အကျွတ်အလွတ်အမျှဝေပွဲ မေတ္တာရှင်၊ စေတနာရှင်အဖွဲ့မှ ဦးတင်မင်း၊ ဦးဖော်မြင့်နိုင်၊ ဦးဝေလင်းထွန်းနှင့် အလှူရှင်မိသားစုများတက်ရောက်ကြပြီး နမောတဿသုံးကြိမ်ရွတ်ဆိုတုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ကွယ်လွန်သွားကြသူများ အမျှဝေနိုင်ရန် အကျွတ်အလွတ်အမျှဝေပွဲ ကျင်းပရေးအဖွဲ့မှ ဦးဝေလင်းထွန်းက သတ်မှတ်နေရာတွင် လာရောက်ကြရန်ဖိတ်ခေါ်သည်။

ဆက်လက်၍ ရွှေကြေးစည်ဆရာတော်ထံမှ သီလခံယူဆောက်တည်ကြပြီး မကျွတ်မလွတ်ကြေးသေးသော ဝေမာနိက၊ ပေတဥ္ဒိဿတွေ့များအား ရည်စူး၍ သံဃာတော် ၁၂ ပါးအား သင်္ကန်းတစ်စုံ၊ သပိတ်ပါ ဒံပေါက်ဆွမ်း၊ ခဲ့ဓာတ်၊ ဆေးပစ္စည်းမျိုးစုံနှင့် နဝကမ္မဝတ္ထုဇွေကျပ် နှစ်သိန်းစီကို လှူဒါန်းကြပြီး ရွှေကြေးစည်ဆရာတော်က ရေစက်ချတရားဟောကြားချီးမြှင့်သည်။ **(အပေါ်ပုံ)**

အဆိုပါ အကျွတ်အလွတ်ဒါနပြုပွဲကို မေတ္တာရှင်၊ စေတနာရှင်အဖွဲ့မှ ဦးတင်မင်း၊ ဦးဖော်မြင့်နိုင်နှင့် ဦးဝေလင်းထွန်းတို့က နှစ်စဉ်မပျက် ကျင်းပဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၀၄၃)

၀-၀-၀-၀-၀

မြေသားတင် ဂျင်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ အောက်တိုဘာ ၃၀

မိတ္ထီလာမြို့နယ်၌ ကန်သာအေး-အောင်သာလမ်း မြေသားတင်ဂျင်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၉ ရက်က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၇၁ ဒသမ ၄၉၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကန်သာအေး-အောင်သာလမ်း အရှည် ၁၃ မိုင်၊ အကျယ် ၁၈ ပေ၊ ထု နှစ်ပေလေးလက်မရှိ မြေသားတင်ဂျင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းဝင်းနှင့် မြို့နယ်ဦးစီးအရာအရှိ(မြို့ပြ)တို့က ကွင်းဆင်းစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုအား တင်ပြခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းများ သတ်မှတ်အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး မှာကြားခဲ့သည်။

အဆိုပါ လမ်းဆောင်ရွက်ပြီးစီးပါက ကျေးရွာ ကိုးရွာမှ အိမ်ခြေ ၆၀၀၊ လူဦးရေ ၃၂၅၂ ဦး၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)



စိုက်ပျိုးရေရရှိရေး ဆိုလာဆက်စပ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

တနိုင်း အောက်တိုဘာ ၃၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆွတ်ငိုင်ကျေးရွာ၌ စိုက်ပျိုးရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆိုလာဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ရာ တနိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းလွင်၊ ခရိုင်၊မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများနှင့် တာဝန်ရှိသူများက အဆိုပါ ကျေးရွာစိုက်ပျိုးရေရရှိရေး ရေတွင်းတူးဖော်ခြင်းနှင့် ဆိုလာဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးများက ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများကို ရေရှည်တည်တံ့အောင်ပိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

အဆိုပါ ကျေးရွာ၌ စိုက်ပျိုးရေရရှိရေး ၄ လက်မ၊ ပေ ၁၂၀ စက်ရေတွင်း တူးဖော်ခြင်း ဆိုလာ 2200 w၊ 1.5 Submersible Pump တပ်ဆင်ခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံ ငွေကျပ် ၁၈ သန်းဖြင့် စက်တင်ဘာလ ၃၀ရက်ယဟုတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီးဖြစ်၍ ဆွန့်ငိုင်ကျေးရွာရှိ ကျေးလက်နေ ပြည်သူများ စိုက်ပျိုးရေဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

အောင်ရဲကျော်

--*-*-*-*-*-*

အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ၊ ပြပွဲများ ကျင်းပ

မန္တလေး အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနခန်းမ၌ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ကြီးတံခွန်မြို့နယ် (၁၈)ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ယမန်နေ့ နံနက် ၁၀နာရီက အယ်လ်နီညိုအပူဒဏ် ကာကွယ်ရေးနှင့် အသိပညာပေးဟောပြောပွဲများ၊ ပြပွဲများ ကျင်းပခဲ့ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်၊ ပြင်းထန် အယ်လ်နီညိုကာလတွင်ကြိုတင်ပြင်ဆင်ရန်အချက်များကို ဟောပြောခဲ့ကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က အယ်လ်နီညိုအပူလှိုင်းဖြစ်ပေါ်လာသည့်အခါတွင် ဆောင်ရန်၊ ရှောင်ရန် အကြောင်းအရာများ၊ အပူဒဏ်ကြောင့် မစားရမည့် အစားအစာအကြောင်းအရာများ၊ ရိုးရိုးရေကို တစ်နေ့ သုံးလီတာ သောက်သုံးဖို့ရန်၊ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ တတ်နိုင်သမျှ အပြင်မသွားရန်၊ အပြင်သွားပါက ဦးထုပ်၊ ထီး၊ အင်္ကျီလက်ရှည်တို့ကို ဝတ်ဆင်သွားဖို့ရန်၊ အပူဒဏ်ကြောင့် ဖြစ်တတ်သော ကျန်းမာရေးအကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ရာ တက်ရောက်လာသည့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

(ယာဝုံ)

ထို့နောက် ဟောပြောပွဲဆက်လက်ကျင်းပရာ အိမ်တွင်းအကြမ်းဖက်မှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲများနှင့် ကျန်းမာလုပအမျိုးသမီးဘဝ အသိပညာပေးဟောပြောပွဲများကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆွေးနွေးဟောပြောခဲ့ကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ပြီး သုတ၊ ရသ စာအုပ်၊ စာစောင်များ ပြသခဲ့ရာ တက်ရောက်လာသည့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

စင်မင်းမောင်

(ခရိုင် ပြန်/ဆက်)



နိုင်ငံတကာ အားကစား သတင်းများ

ရှက်ရှ်ကို ညို့ညကျည်းဒဏ်ရာကြောင့် သုံးလခန့်ထိ အနားယူရမည်

လန်ဒန် အောက်တိုဘာ ၃၀


မန်ယူအသင်း တိုက်စစ်မှူး ရှက်ရှ်ကိုသည် ညို့သကျည်းဒဏ်ရာကြောင့် သုံးလခန့်ထိ အနားယူရမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လိဂ်ဖလားပွဲစဉ်အဖြစ် မန်ယူအသင်းက ဘရိုက်တန်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ရှက်ရှ်ကိုသည် ဒဏ်ရာကြောင့် ကာလရှည်အနား ယူရမည်ဖြစ်သောကြောင့် မန်ယူအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူး ရှက်ရှ်ကိုသည် မန်ယူအသင်းနှင့်အတူ ၂၀၂၃-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၈ပွဲကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(ယာဝုံ) (NGB)



အိုင်ဗန်တိုနေးကို ခေါ်ယူရန် နယူးကာဆယ်အသင်း စီစဉ်



လန်ဒန် အောက်တိုဘာ ၃၀

နယူးကာဆယ်အသင်းသည် အယ်လ်အာလီအသင်း တိုက်စစ်မှူး အိုင်ဗန်တိုနေးကို ခေါ်ယူရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အယ်လ်အာလီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၅ပွဲကစားပြီး ၈၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး အိုင်ဗန်တိုနေးကလည်း လက်ရှိ အချိန်တွင် အယ်လ်အာလီအသင်း တာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် အိုင်ဗန်တိုနေးကို ခေါ်ယူသွားနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

စီလက်စ်တီနိုကို နည်းပြသစ်အဖြစ် ဘန်လေအသင်းခန့်အပ်

လန်ဒန် အောက်တိုဘာ ၃၀

အင်္ဂလိပ် ချန်ပီယံရှစ်ကလပ် ဘန်လေအသင်းသည် အသင်း နည်းပြသစ်အဖြစ် နည်းပြ စီလက်စ်တီနိုကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဘေဆယ်၊ CSKA မော်စကို စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဘန်လေအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၀)နှစ်အရွယ်ရှိ စီလက်စ်တီနိုက 'ဘန်လေအသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်း ခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ယုံကြည်မှုအနဲ့ တာဝန်ပေးအပ်တဲ့အသင်းတာဝန်ရှိသူအား လုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ' ဟု ပြောသည်။ **(အောက်ပုံ) (NGB)**



စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၃၁-၁၀-၂၀၂၆ ညဂုဏ်နာရီ	လီဗန်တေး - အက်သလက်တီကို	လီဗန်တေး ၀-၀ အက်သလက်တီကို အက်သလက်တီကို ၃-၁ လီဗန်တေး
၃၁-၁၀-၂၀၂၆ ညဧ့်ပုနာရီ	ဗယ်လက်ကာနို - ဆဲလ်တာဗီဂို	ဗယ်လက်ကာနို ၁-၁ ဆဲလ်တာဗီဂို ဆဲလ်တာဗီဂို ၃-၀ ဗယ်လက်ကာနို
၁-၁၁-၂၀၂၆ နံနက်၀၀း၀၀နာရီ	ဘက်တစ် - မာလာဂါ	ဘက်တစ် ၂-၁ မာလာဂါ မာလာဂါ ၀-၂ ဘက်တစ်
၁-၁၁-၂၀၂၆ နံနက်၀၃း၃၀နာရီ	ဘာစီလိုနာ - အလာဗက်စ်	ဘာစီလိုနာ ၃-၁ အလာဗက်စ် အလာဗက်စ် ၁-၀ ဘာစီလိုနာ

အီတလီဘီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၃၁-၁၀-၂၀၂၆ ညဧး၃၀နာရီ	ဘိုလော့ဂ်နာ - မွန်ဇာ	ဘိုလော့ဂ်နာ ၃-၁ မွန်ဇာ မွန်ဇာ ၁-၂ ဘိုလော့ဂ်နာ
၃၁-၁၀-၂၀၂၆ ညဘ၁း၃၀နာရီ	အူဒီးနိစ် - ရိုးမား	အူဒီးနိစ် ၁-၀ ရိုးမား ရိုးမား ၂-၀ အူဒီးနိစ်
၁-၁၁-၂၀၂၆ နံနက်၀၂း၃၀နာရီ	အေစီမီလန် - အင်တာမီလန်	အေစီမီလန် ၁-၀ အင်တာမီလန် အင်တာမီလန် ၀-၁ အေစီမီလန်

အင်္ဂလိပ်ပရီမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၃၁-၁၀-၂၀၂၆ ညဂုဒ၀နာရီ	ချဲလ်ဆီး - မန်ယူ	ချဲလ်ဆီး ၀-၁ မန်ယူ မန်ယူ ၂-၁ ချဲလ်ဆီး
၃၁-၁၀-၂၀၂၆ ညဧး၃၀နာရီ	ဘုန်းမောက် - လီဒ်စ်	ဘုန်းမောက် ၂-၂ လီဒ်စ် လီဒ်စ် ၂-၂ ဘုန်းမောက်
〃	ဘရန်ဖို့ဒ် - နော်တင်ဟမ်	ဘရန်ဖို့ဒ် ၀-၂ နော်တင်ဟမ် နော်တင်ဟမ် ၃-၁ ဘရန်ဖို့ဒ်
〃	ကိုပင်ထဲ - ဆန်းဒါးလန်း	———
〃	ဟားလ်စီးတီး - အစ်ဆွစ်ချ်	———
〃	မန်စီးတီး - ဘရိုက်တန်	မန်စီးတီး ၁-၁ ဘရိုက်တန် ဘရိုက်တန် ၂-၁ မန်စီးတီး
၁-၁၁-၂၀၂၆ နံနက်၀၀း၀၀နာရီ	စယိန်း - ပဲလေ့စ်	စယိန်း ၁-၃ ပဲလေ့စ် ပဲလေ့စ် ၀-၁ စယိန်း
၁-၁၁-၂၀၂၆ နံနက်၀၂း၃၀နာရီ	အက်စတွန်ဗီလာ - ဖူလ်ဟမ်	အက်စတွန်ဗီလာ ၃-၁ ဖူလ်ဟမ် ဖူလ်ဟမ် ၁-၀ အက်စတွန်ဗီလာ

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၉) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၁-၁၁-၂၀၂၆ နံနက်၀၂း၁၅နာရီ	ထရွိုင်းယက်စ် - လီမက်စ်	———

အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၃၁-၁၀-၂၀၂၆ ညဧး၃၀နာရီ	ဘန်လေ - ပို့စ်စမောက်	ဘန်လေ ၂-၁ ပို့စ်စမောက် ပို့စ်စမောက် ၀-၀ ဘန်လေ
〃	ဝက်စ်ဟမ်း - ဝက်စ်ဘရွန်း	———
〃	ဝုဖ် - ကာဒစ်ဖ်	ဝုဖ် ၁-၂ ကာဒစ်ဖ် ကာဒစ်ဖ် ၀-၁ ဝုဖ်

ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၃၁-၁၀-၂၀၂၆ ညဧး၀၀နာရီ	အော့စ်ဘတ် - ဖရိုင်းဘတ်	အော့စ်ဘတ် ၂-၂ ဖရိုင်းဘတ် ဖရိုင်းဘတ် ၁-၃ အော့စ်ဘတ်
〃	လေဗာကူဆင် - စတုဂတ်	လေဗာကူဆင် ၁-၄ စတုဂတ် စတုဂတ် ၃-၁ လေဗာကူဆင်
〃	ပိုချန်ဂလာဘတ် - ပါဒါဘွန်း	ပိုချန်ဂလာဘတ် ၂-၀ ပါဒါဘွန်း ပါဒါဘွန်း ၁-၃ ပိုချန်ဂလာဘတ်
〃	ရှော်လ်ကေး - လိုက်ပဇစ်	ရှော်လ်ကေး ၁-၆ လိုက်ပဇစ် လိုက်ပဇစ် ၄-၂ ရှော်လ်ကေး
〃	ဝါဒါဘဒီမင် - ဟော်ဖန်ဟိမ်း	ဝါဒါဘဒီမင် ၀-၂ ဟော်ဖန်ဟိမ်း ဟော်ဖန်ဟိမ်း ၁-၀ ဝါဒါဘဒီမင်

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆) နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်/(နေကာဆုံးငါးပွဲ ရလဒ်)	ယမန်နှစ်ရလဒ်
၃၁-၁၀-၂၀၂၆ စနေနေ့	ညနေ၄း၃၀နာရီ	ဇရာဝတီ - ရန်ကုန်	ဇရာဝတီ ၀-၂ ရန်ကုန် ရန်ကုန် ၀-၀ ဇရာဝတီ
〃	ညနေ၄း၃၀နာရီ	ရှမ်း - ဒဂုံ	ရှမ်း ၄-၀ ဒဂုံ ဒဂုံ ၁-၃ ရှမ်း

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၃)၊ ဦးပိုင်နံပါတ်(၁၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧကာ၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးပွကြီး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အရှေ့ဆုံးနှင့်ကပ်လျက် မြောက်ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ဝင်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ခေါလင်းလင်းနွယ်(ဘ)ဦးသန်းမြင့်(၉/မရမ(နိုင်)၀၀၅၆၅၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဆိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ခေါ်သူစောဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ

၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၀၀

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၁)၊ ဦးပိုင်နံပါတ်(၃၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧကာ၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးဝင်းသ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အရှေ့ဆုံးအခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ဝင်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလှဝင်း(ဘ)ဦးဥာဏ်ရွှေ(၉/ပကခ(နိုင်)၀၃၂၃၉၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဆိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ခေါ်သူစောဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ

၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၀၀

ပြင်ဆင်ဖတ်ရှု

(၂၄-၁၀-၂၀၂၆) စာမျက်နှာ-၂၃ တွင် အများသိစေရန် ကြေညာခြင်းတွင် ခေါ်သဲဝါ(ဘ) ဦးရွှေ(၉/ခဥန(နိုင်)၁၅၄၇၉၃)အစား ခေါ်သဲဝါ(ဘ)ဦးရွှေ(၅/ခဥန(နိုင်)၁၅၄၇၉၃)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သင့် သွေးဖြင့် အသက် ကယ်ပါ။

မြေပုံ/မြေရာဇဝင်ရေးကူးခွင့်

ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာရွှေပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ	လျှောက်ထားသည့်မြေ					လျှောက်ထားသည့်အကြောင်းအရာ
	အမည်/မှတ်ပုံတင်	လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	
၁။	ဒေါ်မြသွင် (၉/မရတ(နိုင်)၀၆၁၂၂၂)၊ ဒေါ်ခင်သက်ထားဝေ့ (၉/မရတ(နိုင်)၁၁၂၀၀၇)	၇၂လမ်းနှင့် ၇၃လမ်းကြား၊ ၃၉လမ်းနှင့် လမ်းဝဲ့ကြား၊ ပဟာဒန်ရပ်	ဒေါ်ညိညို (ဖိ-၂)	မဟာအောင်မြေ	၆၉၁	၃-၁	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၂။	ဒေါ်ခင်တင့် (၉/မရမ(နိုင်)၀၃၉၉၄၄)	၇၃လမ်းနှင့် ၇၄လမ်းကြား၊ ၁၀၉လမ်းနှင့် ၁၂၀လမ်းကြား၊ ငွေတော်ကြီးရပ်	ဦးသောင်လှိုင်	မြည်ကြီးတံခွန်	အ-၂၀	၁၁၆	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၃။	ဦးမောင်မောင်ကြီး(၉/မနမ(နိုင်)၀၃၂၂၄၀)၊ ဦးမောင်မောင်လေး (၉/မနမ(နိုင်)၀၃၂၀၄၁)၊ ဦးစိုးမြင့် (၉/မနမ(နိုင်)၀၃၂၀၄၂)၊ ဦးသိန်းငွေ (၉/မနမ(နိုင်)၀၃၂၀၄၃)၊ ဒေါ်မြမြကျလိုင် (၉/မနမ(နိုင်)၀၉၇၆၇၉)	လမ်း၂၀၊ လမ်း၀၆နှင့် ၀၈လမ်းကြား၊ ပုလဲငွေတောင်	ဦးသန်းမောင် (ဖိ-၂)	အောင်မြေသာစံ	၁၅၄	၃၀	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၄။	ဦးချစ်ဝင်း(၁) SHI CHIT FU (၉/ဘအ(ပြ)၀၀၀၂၅၅)	၂၂လမ်းနှင့် ၂၃လမ်းကြား၊ ၀၉လမ်းနှင့် လမ်း၉၀ကြား၊ သိရိမာလာအဝေ့	ဦးချစ်ဝင်း(၁)SHI CHIT FU(ဖိ-၂)	အောင်မြေသာစံ	၁၉၃	၁၁	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၅။	ဦးကျော်ကျော်၊ (၉/မရမ(နိုင်)၀၀၈၄၄၉)၊ ဦးအေးကို (၉/မရမ(နိုင်)၀၀၈၄၅၀)၊ ဒေါ်ကြူကြူ (၉/မရမ(နိုင်)၀၃၀၂၂၅)၊ ဒေါ်မူမူ (၉/မရမ(နိုင်)၀၁၂၄၇၂)၊ ဒေါ်မြမြခိုင် (၉/မရမ(နိုင်)၀၁၂၄၇၃)၊ ဒေါ်သန်းသန်းအေး (၉/မရမ(နိုင်)၀၁၂၄၇၄)	၂၉လမ်းနှင့် လမ်း၃၀ကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ပတ်ကုန်းသန်းကျင်	ဒေါ်စိန်စိန်	ချမ်းအေးသာစံ	၇၃၇	၇၄	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၆။	ဦးပြောင်း (၉/မနတ(နိုင်)၀၆၉၂၈၀)	မိုးနိုင်တိုက်ကယ်လမ်းနှင့်ပဟာစည်လမ်းကြားဝဲ့လမ်းနှင့်ဥစ္စာလမ်းကြားစိန်ပန်း	ဒေါ်လှသင် (ဖိ-၂)	မဟာအောင်မြေ	၃၅၃	၄၈	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၇။	ဒေါ်ဝေဖွဆွေလန် (၁၃/လရန(နိုင်)၀၀၇၄၀၀)	၅၂လမ်း၊ ၄၂လမ်းနှင့် ၄၃လမ်းကြား၊ ရံဖွန်တောင်	ဦးစိုးမြင့်	မဟာအောင်မြေ	၈-၄၂	၄-၁	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ဂရန်မြေကြော်ငြာစာ

ကန့်ကွက်လိုပါက နိုင်လုံသော အစထောက်အထားများ၊ မှတ်ပုံတင်စာရွှေပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ	လျှောက်ထားသည့်မြေ					လျှောက်ထားသည့် အကြောင်းအရာ	အမှတ်တွဲအမှတ်
	အမည်/မှတ်ပုံတင်	လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်		
၁။	ဦးအောင်နိုင်လင်း (၉/မနမ(နိုင်)၁၂၄၁၅၀)	လမ်း၇၀၊ ၃၀လမ်းနှင့် ၃၂လမ်းကြား၊ ပတ်ကုန်းဈေးတွင်း	ဦးအောင်နိုင်လင်း	ချမ်းအေးသာစံ	၇၆၆	၃-c	သက်တမ်းတိုး	၃၁၅၅/၂၀၂၆-၂၀၂၇
၂။	ဒေါ်သန်းသန်းဆွေ (၉/မရမ(နိုင်)၀၂၉၄၄၄)	၆၅လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ရံဖွန်တောင်	ဒေါ်သန်းသန်းဆွေ	မဟာအောင်မြေ	၈-၆၈(၁)	၆	သက်တမ်းတိုး	၃၁၅၈/၂၀၂၆-၂၀၂၇
၃။	ဒေါ်သန်းသန်းဆွေ (၉/မရမ(နိုင်)၀၂၉၄၄၄)	၆၅လမ်းနှင့် ၆၆လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ရံဖွန်တောင်	ဒေါ်သန်းသန်းဆွေ	မဟာအောင်မြေ	၈-၆၈(၁)	၇	သက်တမ်းတိုး	၃၁၅၈/၂၀၂၆-၂၀၂၇
၄။	ဒေါ်ယဉ်ယဉ်အေး (၁/ရကန(နိုင်)၀၃၀၀၃၅)	လမ်း၇၀နှင့် ၇၁လမ်းကြား၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ရံဖွန်တောင်	ဒေါ်ကိုဇာထားထားမြင့် (ဖိ-၄)	မဟာအောင်မြေ	၈-၄၅	၂၇+၂၈ အပွင့်ချ ၂၇-ခံ၀ဲး	သက်တမ်းတိုး၊ ဦးပိုင်ခွဲ အမည်ပြောင်း	၃၁၆၆/၂၀၂၆-၂၀၂၇
၅။	ဒေါ်ခင်မြိုင် (၉/မရတ(နိုင်)၀၀၂၀၀၃)၊ ဒေါ်နွဲနွဲဝင်း (၉/မရတ(နိုင်)၀၁၅၆၇၀)၊ ဒေါ်မာမာဝင်း (၉/မရမ(နိုင်)၀၁၂၄၇၂၂)၊ ဒေါ်ဝိုဝိုဝင်း (၉/မရတ(နိုင်)၀၁၅၆၆၀)၊ ဦးတင်ထွန်းမော် (၉/မရတ(နိုင်)၀၁၁၃၂၂)	၄၂လမ်းနှင့် ၅၀လမ်းကြား၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ဂျွေဘုန်းပိုင်	ဒေါ်တင်တင်ရီ	မဟာအောင်မြေ	၅၁၃-က	၃၃	သက်တမ်းတိုး၊ အမည်ပြောင်း	၃၁၆၈/၂၀၂၆-၂၀၂၇
၆။	ဦးလှဝင်း (၉/မရမ(နိုင်)၀၄၄၂၄၃)	၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ပဟာမြိုင်(၂)	ဦးလှဝင်း (ဖိ-၂)	မဟာအောင်မြေ	ဥယျာဉ်တန်း-(c)	၁၀	သက်တမ်းတိုး၊ အမည်ပြောင်း	၃၁၆၇/၂၀၂၆-၂၀၂၇
၇။	ဦးဘုန်းမြင့်ဟိန်း (၉/အအ(နိုင်)၀၅၄၀၀၃)	၃၀လမ်းနှင့် ၃၃လမ်းကြား၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ရံဖွန်တောင်	ဦးစိုးမာန်(၁)စိုးဟင်းအောင်	မဟာအောင်မြေ	၈-၄၅	၂၂-က	အမည်ပြောင်း	၃၁၆၀/၂၀၂၆-၂၀၂၇
၈။	ဦးထွန်းအေး (၁၃/လရန(နိုင်)၀၅၉၆၆၉)၊ ဒေါ်သန်းသန်းအေး(၁)ဦးချိုရွှမ် (၁၃/လရန(နိုင်)၀၅၉၆၆၀)	လမ်း၆၀နှင့် ၆၁လမ်းကြား၊ ၁၀၀လမ်းနှင့် ၁၀၂လမ်းကြား၊ မြို့သစ်(၁)	ဦးထွန်းအေး (ဖိ-၂)	ချမ်းမြသာစည်	၈-၆	၇	သက်တမ်းတိုး	၃၁၆၉/၂၀၂၆-၂၀၂၇
၉။	ဦးသောင်းစိုး (၀/စလန(နိုင်)၀၁၀၂၉၉)	၈၂လမ်း၊ မြို့ဟောင်းဂိုထောင်အနီး၊ တမ္ဘဝတီ	ဦးသောင်းစိုး	ချမ်းမြသာစည်	၆၉၇	၁၂-က	သက်တမ်းတိုး	၃၁၇၁/၂၀၂၆-၂၀၂၇
၁၀။	ဦးမောင်မောင်မြင့်(၁)ဝမ်းသင်း (၉/မရမ(နိုင်)၀၁၁၀၅၅)	၇၆လမ်းနှင့် ၇၇လမ်းကြား၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ ငောင်ပင်လယ်	ဦးမောင်မောင်မြင့်(၁)ဝမ်းသင်း	ချမ်းမြသာစည်	၈၀-၁၃	၁၇	သက်တမ်းတိုး	၃၁၇၂/၂၀၂၆-၂၀၂၇
၁၁။	ဒေါ်နန်းဆွေ (၁၃/မကန(နိုင်)၀၁၆၄၇၈)	လမ်း၆၀၊ ၁၀၀လမ်းနှင့် ၁၀၁လမ်းကြား၊ မြို့သစ်(၄)	ဒေါ်ရန်ယုတီ	ချမ်းမြသာစည်	၈-၉	၈-က	အမည်ပြောင်း	၃၁၆၀/၂၀၂၆-၂၀၂၇
